ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာဒုံမြို့နယ် ၊ ပျဉ်းမပင်စက်မှုနယ်မြေ ၊ အမှတ်

(၃) လမ်း ၊ အကွက်အမှတ် ၄၄ (အေ) ရှိ မြေဧရိယာ ၉. ၀၃၇ ဧက တွင်

CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းအား


မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုမိန့်လျှောက်ထားခြင်းအတွက်

အဆိုပြုလွှာ တင်သွင်းခြင်း

"New Green Land Garment Company Limited"


ပူးတွဲ (က)

New Green Land Garment Co.,Ltd မှငှားရမ်းမည့်ဧရိယာ



အမှတ်(၃)လမ်းမကြီး

ရည်ညွှန်းချက်



New Green Land Garment Co.,Ltd မှငှားရမ်းမည့်ဧရိယာ

အသိသက်သေများ

(signature)	(signature)
ဗိုလ်မှူး [illegible]	[illegible]
[illegible]	[illegible]
စစ်ထောက်ချုပ်ရုံး	[illegible]

နို့တစ်စာ

၂၁။ ဤကုမ္ပဏီသည် မည်သည့်အစုရှင်ထံသို့မဆို နို့တစ်စာကို လက်ရောက်ပေးအပ်ခြင်း သို့မဟုတ် နို့တစ်စာပါသော စာကို စာတိုက်ခ ကြိုတင်ပေးထား၍ ၎င်းအစုရှင်ထံ မှတ်ပုံတင်လိပ်စာအတိုင်း စာတိုက်မှတစ်ဆင့် လိပ်မူ ပေးပို့ခြင်းအားဖြင့် ပေးပို့နိုင်သည်။

တံဆိပ်

၂၂။ ဒါရိုက်တာများသည် တံဆိပ်ကို လုံခြုံစွာထိန်းသိမ်းထားရန်အတွက် စီမံဆောင်ရွက်ရမည်။ ထိုတံဆိပ်ကို ဒါရိုက်တာများကကြိုတင်ပေးအပ်ထားသည့် ခွင့်ပြုချက်ဖြင့်မှတစ်ပါး၊ ထိုအပြင် အနည်းဆုံး ဒါရိုက်တာတစ်ဦး ရှေ့မှောက်တွင်မှတစ်ပါး မည်သည့်အခါမျှ မသုံးရ။ တံဆိပ်ရိုက်နှိပ်ထားသည့် စာရွက်စာတမ်းတိုင်းတွင် ထိုဒါရိုက်တာက လက်မှတ်ရေးထိုးရမည်။

လျော်ကြေး

၂၃။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၈၆ (ဂ) တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ၊ လက်ရှိတရားဝင် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ကုမ္ပဏီ၏ ဒါရိုက်တာ၊ စာရင်းစစ်၊ အတွင်းရေးမှူး သို့မဟုတ် အခြားအရာရှိ တစ်ဦးဦးမှာ မိမိ၏ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရာ၌ဖြစ်စေ၊ ထိုတာဝန် ဝတ္တရားများနှင့် စပ်လျဉ်း၍ဖြစ်စေ ကျခံခဲ့ရသည့်စရိတ်များ၊ တောင်းခံငွေများ၊ ဆုံးရှုံးငွေများ၊ ကုန်ကျငွေများနှင့် ကြွေးမြီတာဝန်များ အတွက် ကုမ္ပဏီထံမှ လျော်ကြေး ရထိုက်ခွင့်ရှိစေရမည်။

ဖျက်သိမ်းခြင်း

၂၄။ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီအား ဖျက်သိမ်းနိုင်သည်။ ယင်းသို့ ဖျက်သိမ်းရာတွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေများနှင့် ယင်းဥပဒေများအား အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲထားသည့် တရားဥပဒေများတွင် ပါဝင်သည့် စည်းမျဉ်းများအတိုင်း လိုက်နာပြုလုပ်ရမည်။

❖ ❖ ❖ ❖ ❖ ❖ ❖

အထွေထွေအစည်းအဝေးကြီးများ

၁၅။ ကုမ္ပဏီကိုဥပဒေအရ ဖွဲ့စည်းတည်ထောင်ပြီးသည့်နေ့မှ တစ်ဆယ့်ရှစ်လအတွင်း အထွေထွေသင်းလုံးကျွတ် အစည်းအဝေးကြီးကိုကျင်းပရမည်။ ထို့နောက် ဒါရိုက်တာအဖွဲ့က သတ်မှတ်ပေးသည့် အချိန်နှင့် နေရာများတွင် ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် (နောက်ဆုံးကျင်းပသည့် အထွေထွေအစည်းအဝေးကြီးနှင့် တစ်ဆယ့်ငါးလထက်မပိုသည့်အချိန်၌) ကျင်းပရမည်။ သင်းလုံးကျွတ် အစည်းအဝေးစတင်၍ လုပ်ငန်းအတွက် ဆွေးနွေးချိန်တွင် အစည်းအဝေးအထမြောက်ရန် သတ်မှတ်သည့် အစုရှင်အရေအတွက် မတက်ရောက်သော မည်သည့်သင်းလုံးကျွတ် အစည်းအဝေးတွင်မဆို လုပ်ငန်းနှင့် ပတ်သက်၍ ဆုံးဖြတ်ဆောင်ရွက်ခြင်းမပြုရ။ ဤတွင်အခြားနည်း သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိလျှင် ထုတ်ဝေထားသည့် မ,တည် ရင်းနှီးငွေ အစုရှယ်ယာများ၏ ငါးဆယ်ရာခိုင်နှုန်းထက်မနည်း ပိုင်ဆိုင်ကြသည့် (နှစ်ဦးထက်မနည်းသော) အစုရှင်များ ကိုယ်တိုင်တက်ရောက်လျှင် လုပ်ငန်းကိစ္စအားလုံး ဆောင်ရွက်ရန်အတွက် အစည်းအဝေးအထမြောက်သည့်ဦးရေ ဖြစ်သည်။ အကယ်၍ ကုမ္ပဏီတွင်အစုရှင်အရေအတွက် နှစ်ဦးတည်းသာရှိသည့် ကိစ္စတွင်မူ ထိုနှစ်ဦးတည်းသည်ပင်လျှင် အစည်းအဝေး အထမြောက်ရန် သတ်မှတ်သည့် အရေအတွက်ဖြစ်စေရမည်။

အမြတ်ဝေစုများ

၁၆။ သင်းလုံးကျွတ်အစည်းအဝေးတွင် ဤကုမ္ပဏီ၏ အစုရှင်များအား ခွဲဝေပေးမည့် အမြတ်ဝေစုကို ကြေညာရမည်။ သို့ရာတွင် အမြတ်ဝေစုသည် ဒါရိုက်တာများက ထောက်ခံသော ငွေပမာဏထက် မကျော်လွန်စေရ။ သက်ဆိုင်ရာနှစ်၏ အမြတ်ပမာဏ သို့မဟုတ် အခြားမခွဲဝေရသေးသည့် အမြတ်ပမာဏမှအပ အမြတ်ဝေစုကို ခွဲဝေမပေးရ။

ရုံးဝန်ထမ်းများ

၁၇။ ကုမ္ပဏီသည် လုပ်ငန်းရုံးတစ်ခုကို ဖွင့်လှစ်၍ ဆောင်ရွက်မည်ဖြစ်ပြီး အရည်အချင်း ပြည့်မီသူပုဂ္ဂိုလ်တစ်ဦးအား အထွေထွေမန်နေဂျာအဖြစ် ခန့်အပ်ရန်နှင့် အခြားအရည်အချင်း ပြည့်မီသူများအား ရုံးဝန်ထမ်းများအဖြစ် ခန့်အပ်မည်ဖြစ်သည်။ လစာ၊ ခရီးသွားလာစရိတ်နှင့် အခြားအသုံးစရိတ်များကဲ့သို့သော ဥာဏ်ပူဇော်ခများနှင့် အခကြေးငွေများကို ဒါရိုက်တာအဖွဲ့က သတ်မှတ်မည်ဖြစ်ပြီး ၎င်းသတ်မှတ်ချက်များကို သင်းလုံးကျွတ် အစည်းအဝေးက အတည်ပြုရမည်။ အထွေထွေမန်နေဂျာသည် လုပ်ငန်းရုံး၏ ထိရောက်စွာလုပ်ငန်း လည်ပတ်မှုအားလုံးအတွက် တာဝန်ရှိစေရမည်ဖြစ်ပြီး မန်နေဂျင်း ဒါရိုက်တာအားတာဝန်ခံ၍ ဆောင်ရွက်ရမည်။

ငွေစာရင်းများ

၁၈။ ဒါရိုက်တာများသည် သင့်လျော်သည့် ငွေစာရင်းစာအုပ်များကို အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီထားသိုထိန်းသိမ်း ဆောင်ရွက်ရမည်။

(၁) ကုမ္ပဏီ၏ ရငွေ၊ သုံးငွေများ၏ ပမာဏနှင့် ၎င်းရငွေ၊ သုံးငွေများ ဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းကိစ္စများ။

(၂) ကုမ္ပဏီ၏ ကုန်ပစ္စည်းများ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများ။

(၃) ဤကုမ္ပဏီ၏ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ။

၁၉။ ငွေစာရင်းစာအုပ်အားလုံးကို ဤကုမ္ပဏီ၏ မှတ်ပုံတင်ထားသော လုပ်ငန်းရုံး သို့မဟုတ် ဒါရိုက်တာများက သင့်လျော်သည်ဟု ထင်မြင်ယူဆသော အခြားနေရာတွင် သိမ်းဆည်းထားရမည်ဖြစ်ပြီး၊ ရုံးချိန်အတွင်း၌ ဒါရိုက်တာများက စစ်ဆေးနိုင်ရန် ပြသထားရမည်။

စာရင်းစစ်

၂၀။ စာရင်းစစ်များကို ခန့်အပ်ထားရမည်။ ၎င်းစာရင်းစစ်များ၏ တာဝန်သည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် စည်းမျဉ်း စည်းကမ်းများနှင့် လိုက်လျောညီထွေ ဖြစ်ရမည်။

(၈) ဤကုမ္ပဏီက ပိုင်ဆိုင်သော သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသော သို့မဟုတ် အခြားအကြောင်းများကြောင့်ဖြစ်သော မည်သည့် ပစ္စည်းကိုမဆို ကုမ္ပဏီ၏ကိုယ်စား လက်ခံထိန်းသိမ်းထားရန်အတွက် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များကိုမဆို ခန့်ထားရန်နှင့် အဆိုပါ ယုံမှတ် အပ်နှံခြင်းများနှင့် ပတ်သက်၍ လိုအပ်သော စာချုပ်စာတမ်းများ ချုပ်ဆို ပြုလုပ်ရန်။

(၉) ဤကုမ္ပဏီ၏ အရေးအရာများနှင့် စပ်လျဉ်း၍ ဤကုမ္ပဏီက ပြုလုပ်သော သို့မဟုတ် ဤကုမ္ပဏီအပေါ် သို့မဟုတ် ဤကုမ္ပဏီ၏ အရာရှိများအပေါ် ပြုလုပ်သော တရားဥပဒေအရ စွဲဆို ဆောင်ရွက်မှုများကို တရားစွဲဆို၊ အရေးယူ၊ ခုခံကာကွယ်ရန် သို့မဟုတ် ခွင့်လွှတ်ရန်၊ ထို့အပြင် ဤကုမ္ပဏီက ရရန်ရှိသော ကြွေးမြီများနှင့် ဤကုမ္ပဏီအပေါ် တောင်းခံသော ကြွေးမြီများနှင့်ပတ်သက်၍ ပေးဆပ်ရန် အချိန်ကာလ ရွှေ့ဆိုင်းခွင့်ပြုခြင်း သို့မဟုတ် နှစ်ဦးနှစ်ဖက် သဘောတူ ကျေအေးခြင်းများ ပြုလုပ်ရန်။

(၁၀) ဤကုမ္ပဏီက ပေးရန်ရှိသော သို့မဟုတ် ရရန်ရှိသော ငွေတောင်းခံခြင်းများကို ဖြန်ဖြေရေး ခုံသမာဓိထံသို့ ဖြေရှင်းရန်အတွက် အပ်နှံရန်အပြင် ဖြန်ဖြေရေး ခုံသမာဓိ၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၁၁) ဤကုမ္ပဏီက ရရန်ရှိသောတောင်းဆိုချက်၊ တောင်းခံချက်များနှင့် ကုမ္ပဏီသို့ပေးရန်ရှိသော ငွေကြေးများအတွက် ပြေစာများ ပြုလုပ် ထုတ်ပေးခြင်း၊ လျှော်ပစ်ခြင်းနှင့် အခြားသောနည်းဖြင့်စွန့်လွှတ်ခြင်းများကို ပြုလုပ်ရန်။

(၁၂) လူမွဲစာရင်းခံရခြင်း၊ ကြွေးမြီး မဆပ်နိုင်ခြင်း ကိစ္စများနှင့် ပတ်သက်၍ ကုမ္ပဏီ၏ကိုယ်စား ဆောင်ရွက်ရန်။

(၁၃) ငွေလွှဲစာတမ်းများ၊ ချက်လက်မှတ်များ၊ ဝန်ခံကတိစာချုပ်များ၊ ထပ်ဆင့် လက်မှတ်ရေးထိုးခြင်းများ၊ လျှော်ပစ်ခြင်းများ၊ ကန်ထရိုက် စာချုပ်များနှင့်စာရွက်စာတမ်းများကို ကုမ္ပဏီ၏ကိုယ်စား မည်သူက လက်မှတ် ရေးထိုးခွင့်ရှိသည်ကို စိစစ်သတ်မှတ်ရန်။

(၁၄) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆပါက သင့်လျော် လျောက်ပတ်သောနည်းလမ်းများဖြင့် လတ်တလော အသုံးပြုရန် မလိုသေးသော ကုမ္ပဏီပိုင် ငွေများကို အာမခံပစ္စည်း ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ရင်းနှီးမြှုပ်နှံထားရန်နှင့် စီမံခန့်ခွဲထားရန်။ ထို့အပြင် အချိန်ကာလအားလျော်စွာ မြှုပ်နှံထားသောငွေကို ပြန်လည်ရယူရန်နှင့် ပြင်ဆင်ပြောင်းလွှဲရန်။

(၁၅) ဤကုမ္ပဏီ၏ အကျိုးအတွက် ငွေကြေး စိုက်ထုတ် ကုန်ကျခံထားသော ဒါရိုက်တာ သို့မဟုတ် အခြား ပုဂ္ဂိုလ်များက ကုမ္ပဏီ၏ (လက်ရှိနှင့် နောင်တွင်ရှိမည့်) ပစ္စည်းများကို ဤကုမ္ပဏီ၏ အမည်ဖြင့်ဖြစ်စေ၊ ဤကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ ပေါင်နှံခြင်းကို သင့်လျော်သည်ဟု ယူဆပါက ဆောင်ရွက်ခွင့်ပြုရန်။ အဆိုပါ ပေါင်နှံခြင်းဆိုရာ၌ ရောင်းချနိုင်သည့် အာဏာနှင့် အခြားသော သဘောတူညီထားသည့် တရားဝင်သဘော တူညီချက်များနှင့် ဥပဒေပြဋ္ဌာန်းချက်များပါ ပါဝင်သည်။

(၁၆) ဤကုမ္ပဏီကခန့်အပ်ထားသော မည်သည့်အရာရှိသို့မဟုတ် ပုဂ္ဂိုလ်ကိုမဆို အထူးအကျဆောင်ရွက်ခဲ့သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုအတွက် ရရှိသော အမြတ်ငွေမှ ကော်မရှင်ပေးခြင်း သို့မဟုတ် ကုမ္ပဏီ၏ အထွေထွေ အမြတ်အစွန်းမှ ခွဲဝေပေး ခြင်းများ ပြုလုပ်ရန်နှင့် အဆိုပါကော်မရှင်များ၊ အမြတ်များခွဲဝေပေးခြင်း စသည်တို့ကို ဤကုမ္ပဏီ၏လုပ်ငန်းကုန်ကျစရိတ် တစ်စိတ်တစ်ဒေသအဖြစ် သတ်မှန်ရန်။

(၁၇) ဤကုမ္ပဏီ၏လုပ်ငန်းများ၊ အရာရှိများ ဝန်ထမ်းများနှင့် အစုရှင်များအတွက် ထုတ်ပြန်ထားသော စည်းမျဉ်းများ၊ စည်းကမ်းချက်များ၊ စည်းကမ်းဥပဒေများကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ရန်။

(၁၈) ဤကုမ္ပဏီ၏လုပ်ငန်းအတွက် ဤကုမ္ပဏီ၏အမည်ဖြင့်ဖြစ်စေ၊ ဤကုမ္ပဏီ၏ကိုယ်စားဖြစ်စေ လိုအပ်သည်ဟု ယူဆလျှင် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်းများကို ပြုလုပ်ရန်၊ ဖျက်သိမ်းရန်နှင့် ပြင်ဆင်ရန် အပြင် အဆိုပါ ဆောင်ရွက်ချက် စာချုပ်များနှင့် ကိစ္စရပ်များကိုလည်းကောင်း ၎င်းတို့နှင့် စပ်လျဉ်းသော ကိစ္စရပ်များကို လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ရန်။

(၁၉) ဒါရိုက်တာများက သင့်လျော်လျောက်ပတ်သည်ဟု ယူဆပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတွင် အကျိုးရှိစေရန်အတွက် မည်သည့် ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်၊ စီးပွားရေး အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် ဘဏ် သို့မဟုတ် ငွေကြေးအဖွဲ့အစည်းထံမှ မဆို ငွေချေးယူရန်။

၁၃။ ဒါရိုက်တာအားလုံးက လက်မှတ်ရေးထိုးထားသော ရေးသားထားသည့်ဆုံးဖြတ်ချက်တစ်ရပ်သည် နည်းလမ်းတကျ ခေါ်ယူကျင်းပသော အစည်းအဝေးက အတည်ပြုသည့် ဆုံးဖြတ်ချက်ကဲ့သို့ပင် ကိစ္စအားလုံး အတွက် အကျိုးသက်ရောက်စေရမည်။

ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ

၁၄။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေ နောက်ဆက်တွဲဇယားပုံစံ (က)ပါ စည်းမျဉ်းအပိုဒ် ၇၁ တွင် ပေးအပ်ထားသော အထွေထွေ အာဏာများကို မထိခိုက်စေဘဲဒါရိုက်တာများသည် အောက်ဖော်ပြပါ အာဏာများ ရှိရမည်ဟု အတိအလင်း ထုတ်ဖော်ကြေညာသည်။ အာဏာဆိုသည်မှာ -

(၁) ဒါရိုက်တာများက သင့်လျော်သည်ဟုယူဆသော တန်ဖိုးနှင့်စည်းကမ်းများ၊ အခြေအနေများ သတ်မှတ်၍ ကုမ္ပဏီကရယူရန်အာဏာရှိသည့် မည်သည့်ပစ္စည်း၊ အခွင့်အရေးများ၊ အခွင့်အလမ်းများကိုမဆိုဝယ်ယူရန် သို့မဟုတ် အခြားနည်းလမ်းများဖြင့်ရယူပိုင်ဆိုင်ရန်အပြင် ကုမ္ပဏီကပိုင်ဆိုင်ခွင့်ရှိသောမည်သည့်ပစ္စည်း၊ အခွင့်အရေးများ၊ အခွင့်အလမ်းများကိုမဆို သင့်တော်သောစည်းကမ်းချက်များ သတ်မှတ်၍ရောင်းချခြင်း၊ အငှားချခြင်း၊ စွန့်လွှတ်ခြင်း၊ သို့မဟုတ် အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန်။

(၂) သင့်လျော်သောစည်းကမ်းသတ်မှတ်ချက်များဖြင့်ငွေကြေးများကိုချေးငှားရန် သို့မဟုတ်အဆိုပါချေးငှား သောငွေကြေးများကို ပြန်လည်ပေးဆပ်ရန်အတွက် အာမခံများထားရှိရန်အပြင်၊ အထူးသဖြင့် ဤကုမ္ပဏီ၏ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့(ခ်)များ၊ ခေါ်ယူခြင်းမပြုရသေးသော ရင်းနှီးငွေများအပါအဝင် ယခုလက်ရှိနှင့် နောင်ရှိမည့် ပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အပေါင်ပြု၍ ထုတ်ဝေရန်။

(၃) ဤကုမ္ပဏီက ရယူထားသော အခွင့်အရေးများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ငွေကြေးအားဖြင့် ပေးချေရန်၊ သို့မဟုတ် အစုရှယ်ယာများ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများ သို့မဟုတ် ဤကုမ္ပဏီ၏အခြားသော အာမခံစာချုပ်များကို ထုတ်ပေးရန်၊ ထို့အပြင် အဆိုပါ အစုရှယ်ယာများ ထုတ်ပေးရာ၌ ငွေအပြည့် ပေးသွင်းပြီးသော အစုရှယ်ယာအနေဖြင့် သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသ ပေးသွင်းပြီးသော အစုရှယ်ယာများ အနေဖြင့်သော်လည်းကောင်း သဘောတူညီသကဲ့သို့ ထုတ်ဝေပေးရန်နှင့် အဆိုပါ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများ သို့မဟုတ် ကုမ္ပဏီ၏ အခြားသော အာမခံစာချုပ်များဖြင့် ထုတ်ဝေပေးရာ၌ ခေါ်ဆိုခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ဤကုမ္ပဏီ၏ ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အပေါင်ပြု၍ဖြစ်စေ၊ ထိုကဲ့သို့မဟုတ်ဘဲဖြစ်စေ ထုတ်ပေးရန်။

(၄) ဤကုမ္ပဏီနှင့် ပြုလုပ်ထားသော ကန်ထရိုက်စာချုပ်များ၊ တာဝန်ယူထားသည့်လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်စေခြင်း အလို့ငှာခေါ်ယူခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ဤကုမ္ပဏီ၏ ပစ္စည်းရပ်များ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပေါင်နှံ၍ သော်လည်းကောင်း၊ အပေါင်ပြု၍ သော်လည်းကောင်း သို့မဟုတ် အစုရှယ်ယာများအတွက် ငွေများ တောင်းခံခေါ်ယူ၍ သော်လည်းကောင်း ခွင့်ပြုရန် သို့မဟုတ် သင့်လျော်သည့်အတိုင်း ဆောင်ရွက်ရန်။

(၅) မန်နေဂျာများ၊ အတွင်းရေးမှူးများ၊ အရာရှိများ၊ စာရေးများ၊ ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများကိုအမြဲတမ်း၊ ယာယီ သို့မဟုတ် အထူးကိစ္စရပ်များအတွက်ခန့်ထားခြင်း၊ ရပ်စဲခြင်း၊ ဆိုင်းငံ့ခြင်းများအတွက်လည်းကောင်း၊ အဆိုပါ ပုဂ္ဂိုလ်တို့၏တာဝန်များ၊ အာဏာများ၊ လစာငွေများ၊ အခြားငွေကြေးများကို သတ်မှတ်ရာ၌ လည်းကောင်း၊ အာမခံပစ္စည်းများ တောင်းခံရာ၌ လည်းကောင်း သင့်လျော်သလို ဆောင်ရွက်ရန်၊ ထို့အပြင် အဆိုပါ ကိစ္စရပ်များတွက် ကုမ္ပဏီ၏ မည်သည့် အရာရှိကိုမဆို ကိစ္စရပ်အားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ဒေသကို ဖြစ်စေ ဒါရိုက်တာများ၏ကိုယ်စား ဆောင်ရွက်နိုင်ရေးအတွက် တာဝန်လွှဲအပ်ရန်။

(၆) ဤကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအား ဒါရိုက်တာရာထူးနှင့် တွဲဖက်၍ မန်နေဂျင်း ဒါရိုက်တာ၊ အထွေထွေ မန်နေဂျာ၊ အတွင်းရေးမှူး သို့မဟုတ် ဌာနခွဲ မန်နေဂျာအဖြစ် ခန့်ထားရန်။

(၇) မည်သည့် အစုရှင်ထံမှမဆို ၎င်းတို့၏ အစုရှယ်ယာများအားလုံးကို ဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ စွန့်လွှတ်ခြင်းအား သဘောတူညီသောစည်းကမ်းများဖြင့် လက်ခံရန်။

၅။ အစုရှယ်ယာလက်မှတ်များကို အထွေထွေမန်နေဂျာ သို့မဟုတ် ဒါရိုက်တာအဖွဲ့ကသတ်မှတ်သည့် အခြားပုဂ္ဂိုလ်များက လက်မှတ်ရေးထိုး၍ ကုမ္ပဏီ၏တံဆိပ်ရိုက်နှိပ်ထုတ်ပေးရမည်။ အစုရှယ်ယာလက်မှတ်သည်ပုံပန်းပျက်ခြင်း၊ ပျောက်ဆုံးခြင်း၊ သို့မဟုတ် ပျက်စီးခြင်းဖြစ်ပါက အဖိုးအခဖြင့် ပြန်လည်အသစ်ပြုလုပ်ပေးမှုကိုသော်လည်းကောင်း၊ ဒါရိုက်တာများကသင့်လျော်သည်ဟုယူဆသော အခြားသက်သေခံအထောက်အထား တစ်စုံတစ်ရာကို တင်ပြစေ၍သော်လည်းကောင်း ထုတ်ပေးနိုင်သည်။ ကွယ်လွန်သွားသောအစုရှယ်ယာရှင်တစ်ဦး၏ တရားဝင်ကိုယ်စားလှယ်ကို ဒါရိုက်တာများက အသိအမှတ်ပြုပေးရမည်ဖြစ်သည်။

၆။ ဒါရိုက်တာများသည် အစုရှင်များက ၎င်းတို့၏အစုရှယ်ယာများအတွက် မပေးသွင်းရသေးသောငွေများကို အခါအားလျော်စွာ တောင်းဆိုနိုင်သည်။ အစုရှင်တိုင်းကလည်း ၎င်းတို့ထံတောင်းဆိုသည့်အကြိမ်တိုင်းအတွက် ဒါရိုက်တာများကသတ်မှတ်သည့်ပုဂ္ဂိုလ်များထံ သတ်မှတ်သည့်အချိန်နှင့်နေရာတွင် ပေးသွင်းစေရန် တာဝန်ရှိစေ ရမည်။ ဆင့်ခေါ်မှုတစ်ခုအတွက်အရစ်ကျပေးသွင်းစေခြင်း၊ သို့မဟုတ်ပယ်ဖျက်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းတို့ကို ဒါရိုက်တာများကသတ်မှတ်နိုင်သည်။

ဒါရိုက်တာများ

၇။ သင်းလုံးကျွတ်အစည်းအဝေးက တစ်စုံတစ်ရာသတ်မှတ်ပြဋ္ဌာန်းမှုမပြုလုပ်သမျှ ဒါရိုက်တာများ၏ အရေအတွက်သည် (၂) ဦးထက်မနည်း၊ (၁၅) ဦးထက်မများစေရ။

ပထမဒါရိုက်တာများသည်-

(၁) **ဦးနေစိုးထိုက်**

(၂) **ဒေါ်သီတာငြိမ်း** ---- တို့ဖြစ်ကြပါသည်။

၈။ ဒါရိုက်တာများသည် ၎င်းတို့အနက်မှ တစ်ဦးကို မန်နေဂျင်းဒါရိုက်တာအဖြစ် အချိန်အခါအလိုက် သင့်လျော်သော သတ်မှတ်ချက်များ၊ ဉာဏ်ပူဇော်ခများဖြင့်ခန့်ထားရမည်ဖြစ်ပြီး အခါအားလျော်စွာ ဒါရိုက်တာအဖွဲ့ကပေးအပ်သော အာဏာများအားလုံးကို ၎င်းက အသုံးပြုနိုင်သည်။

၉။ ဒါရိုက်တာတစ်ဦးဖြစ်မြောက်ရန် လိုအပ်သောအရည်အချင်းသည် ကုမ္ပဏီ၏အစုရှယ်ယာအနည်းဆုံး (၂၅) စုကို ပိုင်ဆိုင်ခြင်းဖြစ်၍ ၎င်းသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၈၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် တာဝန်ရှိသည်။

၁၀။ အစုရှယ်ယာများ လွှဲပြောင်းရန် တင်ပြချက်ကို မည်သည့်အကြောင်းပြချက်မျှမပေးဘဲ ဒါရိုက်တာအဖွဲ့သည် ၎င်းတို့၏ပြည့်စုံ၍ ချုပ်ချယ်ခြင်းကင်းသော ဆင်ခြင်တွက်ဆမှုဖြင့် မှတ်ပုံတင်ရန် ငြင်းဆိုနိုင်သည်။

ဒါရိုက်တာများ၏ ဆောင်ရွက်ချက်များ

၁၁။ ဒါရိုက်တာများသည် ၎င်းတို့သင့်လျော်သည် ထင်မြင်သည့်အတိုင်း လုပ်ငန်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခြင်း၊ အစည်းအဝေးရွှေ့ဆိုင်းခြင်း၊ အချိန်မှန်စည်းဝေးခြင်း၊ အစည်းအဝေးအထမြောက်ရန် အနည်းဆုံး ဒါရိုက်တာဦးရေ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ယင်းသို့မသတ်မှတ်ပါက ဒါရိုက်တာနှစ်ဦး တက်ရောက်လျှင် အစည်းအဝေးအထမြောက်ရမည်။အစည်းအဝေးတွင် မည်သည့်ပြဿနာမဆို ပေါ်ပေါက်ပါက မန်နေဂျင်းဒါရိုက်တာ ၏ အဆုံးအဖြတ်သည် အတည်ဖြစ်ရမည်။ မည်သည့်ကိစ္စများကိုမဆို မဲခွဲဆုံးဖြတ်ရာတွင် မဲအရေအတွက် တူနေပါက သဘာပတိသည် ဒုတိယမဲ သို့မဟုတ် အနိုင်မဲကို ပေးနိုင်သည်။

၁၂။ ဒါရိုက်တာများ၏အစည်းအဝေးကို မည်သည့်ဒါရိုက်တာကမဆို အချိန်မရွေးခေါ်နိုင်သည်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ

စိမ်းလန်းသောနယ်မြေသစ် အထည်ချုပ် ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့စည်းမျဉ်းများ

❖❖❖❖❖❖❖❖❖

၁။ ဤသင်းဖွဲ့စည်းမျဉ်းနှင့် လိုက်လျောညီထွေမဖြစ်သည့် စည်းမျဉ်းများမှအပ၊ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ နောက်ဆက်တွဲပထမဇယားပုံစံ 'က' ပါ စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် သက်ဆိုင်စေရမည်။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၁၇ (၂) တွင် ဖော်ပြပါရှိသည့် မလိုက်နာမနေရ စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် အစဉ်သဖြင့် သက်ဆိုင်စေရမည်။

အများနှင့်မသက်ဆိုင်သောကုမ္ပဏီ

၂။ ဤကုမ္ပဏီသည် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီဖြစ်၍ အောက်ပါသတ်မှတ်ချက်များသည် အကျိုးသက်ရောက်စေရမည်။

(က) ဤကုမ္ပဏီကခန့်အပ်ထားသောဝန်ထမ်းများမှအပ၊ ဤကုမ္ပဏီ၏အစုရှင်အရေအတွက်ကို ငါးဆယ်အထိသာ ကန့်သတ်ထားသည်။

(ခ) ဤကုမ္ပဏီ၏ အစုရှယ်ယာ သို့မဟုတ် ဒီဘင်ချာ သို့မဟုတ် ဒီဘင်ချာစတော့(ခ်)တစ်ခုခုအတွက် ငွေထည့်ဝင်ရန် အများပြည်သူတို့အား ကမ်းလှမ်းခြင်းမပြုလုပ်ရန် တားမြစ်ထားသည်။

မ,တည်ရင်းနှီးငွေနှင့် အစုရှယ်ယာ

၃။ ကုမ္ပဏီ၏ သတ်မှတ် မ,တည်ငွေရင်းမှာ ကျပ် ၅၀၀,၀၀၀,၀၀၀/- (ကျပ်သန်းငါးရာတိတိ) ဖြစ်၍ ငွေကျပ် ၁၀၀,၀၀၀/-(ကျပ်တစ်သိန်းတိတိ)တန် အစုရှယ်ယာပေါင်း (၅,၀၀၀)ခွဲထားပါသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏စည်းမျဉ်းများနှင့် လက်ရှိတရားဝင်တည်ဆဲဖြစ်သော တရားဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အထွေထွေသင်းလုံးကျွတ်အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့် အာဏာရှိစေရမည်။

၄။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါပြဋ္ဌာန်းချက်များကို မထိခိုက်စေလျက် အစုရှယ်ယာများသည် ဒါရိုက်တာများ၏ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ရှိစေရမည်။ ၎င်းဒါရိုက်တာများသည် သင့်လျော်သော ပုဂ္ဂိုလ်များအား သတ်မှတ်ချက်အခြေအနေတစ်စုံတစ်ရာဖြင့် အစုရှယ်ယာများကို ခွဲဝေချထားခြင်း သို့မဟုတ် ထုခွဲရောင်းချခြင်း တို့ကို ဆောင်ရွက်နိုင်သည်။

အောက်တွင် အမည်၊ နိုင်ငံသား၊ နေရပ်နှင့် အကြောင်းအရာစုံလင်စွာပါသောဇယားတွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စီကိုယ်ငှသည် ဤသင်းဖွဲ့မှတ်တမ်းအရ ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် လိုလားသည့်အလျောက် ကျွန်ုပ်တို့၏ အမည်အသီးသီးနှင့် ယှဉ်တွဲ၍ပြထားသောအစုရှယ်ယာများကို ကုမ္ပဏီ၏မတည်ရင်းနှီးငွေတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

စဉ်	အစုထည့်ဝင်သူများ၏ အမည်၊ နေရပ်လိပ်စာနှင့် အလုပ်အကိုင်	နိုင်ငံသားနှင့် အမျိုးသား မှတ်ပုံတင်အမှတ်	ဝယ်ယူသော အစုရှယ်ယာ ဦးရေ	ထိုးမြဲလက်မှတ်
၁။	ဦးနေစိုးထိုက် အမှတ် (၃၁၀)၊ ဣစ္ဆာသယ(၂)လမ်း၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်)	မြန်မာ ၁၀/ပမန (နိုင်) ၀၀၉၂၅၀	၂၅၀	
၂။	ဒေါ်သီတာငြိမ်း အမှတ် (၁၁)၊ ကျောင်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ (ကုန်သည်)	မြန်မာ ၈/မလန (နိုင်) ၀၀၃၃၄၆	၂၅၀	

ရန်ကုန်။ နေ့စွဲ၊ ၂၀၀၇-ခုနှစ်၊ မတ်လ၊ ရက်။

အထက်ပါလက်မှတ်ရှင်များသည် ကျွန်ုပ်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

စိမ်းလန်းသောနယ်မြေသစ်အထည်ချုပ် ကုမ္ပဏီလီမိတက်၏ (၂၇.၅.၂၀၁၆)နေ့တွင်ကျင်းပသော အထူးအစည်းအဝေးဆုံးဖြတ်ချက် နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ (၃၀.၅.၂၀၁၅)နေ့စွဲပါ စာအမှတ်၏ ခွင့်ပြုချက်အရ ကုမ္ပဏီ၏ လုပ်ငန်းရည်ရွယ်ချက် စက်မှုလက်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်းမှ လုပ်ငန်းစုံသို့ ပြောင်းလဲခြင်းဖြစ်ပါသည်။

အလားတူ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းစာအုပ်တွင်လည်း ပြင်ဆင်ပြီးဖြစ်ပါသည်။

ကုမ္ပဏီ [illegible] ရည်ရွယ်ချက်များမှာ

၁။ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းများရောင်းဝယ်ခြင်း
၂။ သစ်တောထွက်ပစ္စည်းနှင့် ထပ်ဆင့်တိုးတန်ဖိုးမြင့် သစ်အခြေခံ ကုန်ပစ္စည်းများရောင်းဝယ်ခြင်း
၃။ တိရစ္ဆာန်ထွက် ကုန်ပစ္စည်းနှင့် တိရစ္ဆာန်အစားအစာရောင်းဝယ်ခြင်း
၄။ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ခြင်း
၅။ ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများရောင်းဝယ်ခြင်း
၆။ ဓာတုဗေဒနှင့် ဓာတ်ဆေးဆိုးဆေးများရောင်းဝယ်ခြင်း
၇။ စက်ရုံသုံးပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများရောင်းဝယ်ခြင်း
၈။ အိမ်သုံးကုန်ပစ္စည်းများရောင်းဝယ်ခြင်း
၉။ လူသုံးကုန်ပစ္စည်းများရောင်းဝယ်ခြင်း
၁၀။ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် သုတ်ဆေးများရောင်းဝယ်ခြင်း
၁၁။ လျှပ်စစ်နှင့်အီလက်ထရောနစ် ကုန်ပစ္စည်းများရောင်းဝယ်ခြင်း
၁၂။ ယာဉ်နှင့်စက်ကိရိယာနှင့် အပိုပစ္စည်းများရောင်းဝယ်ခြင်း
၁၃။ ကိရိယာတန်ဆာပလာအမျိုးမျိုးရောင်းဝယ်ခြင်း
၁၄။ ဆေးနှင့်ဆေးပစ္စည်းများရောင်းဝယ်ခြင်း
၁၅။ စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်းများရောင်းဝယ်ခြင်း
၁၆။ အထည်အလိပ်နှင့် အဝတ်အထည်များရောင်းဝယ်ခြင်း
၁၇။ စက္ကူ၊ စာရေးကိရိယာနှင့် ဓာတ်ပုံပစ္စည်းများရောင်းဝယ်ခြင်း
၁၈။ ရုံးသုံးပစ္စည်းများနှင့် ပညာရေးအထောက်အကူ ပစ္စည်းများရောင်းဝယ်ခြင်း
၁၉။ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်းများကို စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရိပ်သိမ်းခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်း၊ ထုတ်ပိုးခြင်း၊ ကြိတ်ခွဲခြင်းနှင့် ကုန်ထုတ်လုပ်ခြင်း၊
၂၀။ (ကျွန်းမှအပ) သစ်နှင့် သစ်တောထွက်ပစ္စည်းများအား (သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့်) ခုတ်လှဲခြင်း၊ထုတ်ယူခြင်း၊ ခွဲစိတ်ခြင်း၊ ကုန်ထုတ်လုပ်ခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်းနှင့် အသားသေစေခြင်း၊
၂၁။ တိရိစ္ဆာန်မွေးမြူခြင်းနှင့် တိရိစ္ဆာန်ထွက်ကုန်ပစ္စည်းများအား ပြုပြင်ထုတ်လုပ်ခြင်း၊ စည်သွပ်ခြင်း၊
၂၂။ ရေထွက်ကုန်ပစ္စည်းများအား ဖမ်းယူခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်း၊ ကြိတ်ခွဲခြင်း၊ စည်သွပ်ခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း၊
၂၃။ ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် တိရိစ္ဆာန်အစားအစာများထုတ်လုပ်ခြင်း၊
၂၄။ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊
၂၅။ အိမ်သုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊
၂၆။ ယာဉ်နှင့်စက်ကိရိယာများ၊ အပိုပစ္စည်းများ ထုတ်လုပ်ခြင်း၊
၂၇။ လက်မှုအနုပညာပစ္စည်းများ၊ ထွန်းထည်များနှင့် ပရိဘောဂများ ထုတ်လုပ်ခြင်း၊
၂၈။ ဆောက်လုပ်ရေးပစ္စည်းများနှင့် သုတ်ဆေးများ ထုတ်လုပ်ခြင်း၊
၂၉။ စက်ရုံသုံးပစ္စည်းများ ထုတ်လုပ်ခြင်း၊
၃၀။ လျှပ်စစ်နှင့်အီလက်ထရောနစ် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊
၃၁။ အထည်အလိပ်နှင့် အဝတ်အထည်များ ထုတ်လုပ်ခြင်း၊
၃၂။ အစိုးရ၏ ခွင့်ပြု ချက်ဖြင့် သတ္တုရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ထွက်ရှိသောကုန်ပစ္စည်းများကို ရောင်းချခြင်းလုပ်ကိုင်ရန်၊
၃၃။ အေဂျင်စီလုပ်ငန်းအမျိုးမျိုး၊ ကျွမ်းကျင်မှုအတိုင်ပင်ခံများ၊ လုပ်ငန်းအတိုင်ပင်ခံများ၊ အုပ်ချုပ်မှု အတိုင်ပင်ခံများနှင့် အကြံပေး ဝန်ဆောင်မှုလုပ်ငန်းများ၊
၃၄။ ကြော်ငြာနှင့် ကြော်ငြာ ကိုယ်စားလှယ် လုပ်ငန်းများ၊
၃၅။ ဖျော်ဖြေရေးလုပ်ငန်းနှင့် ယင်းနှင့် ပတ်သက်သည့် လုပ်ငန်းများ
၃၆။ ဆေးဝန်ဆောင်မှု လုပ်ငန်းအမျိုးမျိုး၊
၃၇။ သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊ (မီးရထားနှင့် လေကြောင်းမှအပ)
၃၈။ ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်း၊
၃၉။ တိုင်းတာရေးနှင့် စစ်ဆေးရေး လုပ်ငန်း၊
၄၀။ စီမံကိန်းသစ်များ၌ ဖြစ်မြောက်နိုင်စွမ်း ရှိမရှိ လေ့လာခြင်း၊ စီမံကိန်းပုံစံများချမှတ်ခြင်း၊ စီမံကိန်း ကုန်ကျစရိတ်ခန့်မှန်းခြင်းနှင့် တန်ဖိုးတွက်ချက်ခြင်းလုပ်ငန်းများ၊
၄၁။ စာရင်းရေးသွင်းခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ဥပဒေ အကြံပေး ဝန်ဆောင်မှု လုပ်ငန်းများ၊
၄၂။ ယာဉ်နှင့် စက်ကိရိယာအမျိုးမျိုး ကြံ့ခိုင်ရေးပြုလုပ်ခြင်း၊ မွမ်းမံခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ၊
၄၃။ လျှပ်စစ်နှင့် အီလက်ထရောနစ် ကုန်ပစ္စည်းများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းနှင့် မွမ်းမံ တည်ဆောက်ခြင်း လုပ်ငန်းများ၊
၄၄။ ဆောက်လုပ်ရေးလုပ်ငန်း
၄၅။ ကျောက်မျက်လုပ်ငန်း
၄၆။ ခရီးသွားလုပ်ငန်း
၄၇။ ဟိုတယ်လုပ်ငန်း
၄၈။ အသေးစားငွေရေးကြေးရေးလုပ်ငန်း

၆။ ကုမ္ပဏီမှ သင့်တော်လျောက်ပတ်သည်ဟု ယူဆပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတွင် အကျိုးရှိစေရန် အတွက် မည်သည့်ပုဂ္ဂိုလ်၊ စီးပွားရေးအဖွဲ့အစည်း၊ ကုမ္ပဏီ၊ ဘဏ်၊ သို့မဟုတ်၊ ငွေကြေး အဖွဲ့အစည်း ထံမှမဆို ငွေချေးယူရန်။

ခြွင်းချက်။ ကုမ္ပဏီသည် အထက်ဖော်ပြပါ ရည်ရွယ်ချက်များကို ပြည်ထောင်စုသမ္မတနိုင်ငံတော် အတွင်း၌ ဖြစ်စေ၊ အခြားမည်သည့် အရပ်ဒေသ၌ဖြစ်စေ၊ အချိန်ကာလအလိုက် တည်မြဲနေသော တရားဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များက ခွင့်ပြုထားသည့် လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုပါ။ ထို့အပြင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်း၌ အချိန် ကာလအားလျော်စွာ တည်မြဲနေသည့် တရားဥပဒေ ပြဋ္ဌာန်းချက်များ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် လျော်ညီသင့်တော်ခြင်း သို့မဟုတ်၊ခွင့်ပြုထားခြင်းရှိမှသာလျှင် လုပ်ငန်းများကို ဆောင်ရွက်မည်ဟု ခြွင်းချက်ထား ရှိပါသည်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီ

စိမ်းလန်းသောနယ်မြေသစ် အထည်ချုပ် ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

❖❖❖❖❖❖❖❖❖❖

၁။ ကုမ္ပဏီ၏အမည်သည် "**စိမ်းလန်းသောနယ်မြေသစ် အထည်ချုပ် ကုမ္ပဏီ လီမိတက်**" ဖြစ်ပါသည်။

၂။ ကုမ္ပဏီ၏ မှတ်ပုံတင်အလုပ်တိုက်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တည်ရှိရမည်။

၃။ ကုမ္ပဏီတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာ တွဲဖက်စာမျက်နှာပါအတိုင်း ဖြစ်ပါသည်။

၄။ အစုဝင်များ၏ ပေးရန်တာဝန်ကို ကန့်သတ်ထားသည်။

၅။ ကုမ္ပဏီ၏ သတ်မှတ် မ,တည်ငွေရင်းသည် ကျပ် ၅၀၀,၀၀၀,၀၀၀/-(ကျပ်သန်းငါးရာတိတိ) ဖြစ်၍ ငွေကျပ် ၁၀၀,၀၀၀/- (ကျပ်တစ်သိန်းတိတိ)တန် အစုရှယ်ယာပေါင်း (၅,၀၀၀)ခွဲထားပါသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏စည်းမျဉ်းများနှင့် လက်ရှိတရားဝင်တည်ဆဲဖြစ်သော တရားဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီ အထွေထွေသင်းလုံးကျွတ်အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့်အာဏာ ရှိစေရမည်။

ည်းကောင်း၊ ဆောင်ရွက်ခွင့်ပြုစေရမည် ။ အငှားချထားသူသည် လုပ်ငန်းများဆောင်ရွက်ခွင့် ရရှိရေးအတွက် လိုအပ်သော ခွင့်ပြုချက်များ အငှားချထားခြင်းခံရသူ က ရရှိရေးအတွက် လိုအပ်သောကူညီထောက်ပံ့မှု ပေးရမည်။

စာချုပ်အတည်ပြုခြင်း

၇။ ဤစာချုပ်သည် ၂၀၂၀ ခုနှစ် ၊ ဧပြီလ(၁)ရက်နေ့မှစ၍ အတည်ဖြစ်သည် ။

အထွေထွေ

၈။ (က) စာချုပ်ပါ စည်းကမ်းချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးသည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည် ။

(ခ) မလွန်မရှောင်သာသည့်ဖြစ်ရပ်(သဘာဝဘေးဒဏ်)(ပေါ့ဆမှုမပါ)၊ အစိုးမရနိုင်သည့်ဖြစ်ရပ်များကြောင့် တစ်ဖက်ဖက်မှ စာချုပ်ပါတာဝန်များကို ထမ်းဆောင်ရန်ပျက်ကွက်ပါက ၎င်းအပေါ်တွင် မည်သည့် တာဝန်မှ မရှိစေရ ။

(ဂ) ဤစာချုပ်ပါစည်းကမ်းချက်များကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ထပ်မံဖြည့်စွက်ခြင်းပြုလုပ်လိုပါက အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့၏ နှစ်ဦးနှစ်ဖက်တရားဝင်စာဖြင့် သဘောတူညီချက်အရသာပြုလုပ်နိုင်ပါသည် ။

(ဃ) အငှားချထားသည့်မြေအား မူဝါဒ၊ အထက်အကြီးအကဲများ၏ လမ်းညွှန်မှုအရ ဖယ်ရှားရန် လိုအပ်ပါက (၆)လအတွင်းရှင်းလင်းဖယ်ရှားရမည် ။

(င) အငှားချထားခြင်းခံရသူသည် စစ်ထောက်ချုပ်ရုံးမှ သတ်မှတ်ထားသောစည်းကမ်းချက်များကို လိုက်နာကြရမည်ဖြစ်ပြီး၊ တရားဥပဒေနှင့်မလွတ်ကင်းသောလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးတာဝန်ခံကြရမည် ။

လက်မှတ်ရေးထိုးခြင်း

၉။ အထက်ဖော်ပြပါစည်းကမ်းချက်များကို သဘောတူလက်ခံပါသဖြင့် အောက်ပါအသိသက်သေများ ရှေ့မှောက်တွင် အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့မှ လက်မှတ်ရေးထိုးကြပါသည် -

အငှားချထားသူ	အငှားချထားခြင်းခံရသူ
ဒုတိယဗိုလ်မှူးကြီးကိုးထွန်းမြင့်	[illegible]
လက်ထောက်စစ်ထောက်ချုပ်	[illegible]
စစ်ထောက်ချုပ်ရုံး	[illegible]
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)	

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသော အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ

စိမ်းလန်းသောနယ်မြေသစ် အထည်ချုပ် ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

နှင့်

သင်းဖွဲ့စည်းမျဉ်းများ

❖❖❖❖❖

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Memorandum Of Association

AND

Articles Of Association

OF

NEW GREEN LAND GARMENT COMPANY LIMITED

လုပ်ငန်းရည်ရွယ်ချက်များမှာ (၄) ရှိ၊

လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်းများကို စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရိတ်သိမ်းခြင်း၊ တာရှည်ခံအောင် ပြုပြင်ခြင်း၊ ထုတ်ပိုးခြင်း၊ ကြိတ်ခွဲခြင်းနှင့် ကုန်ထုတ်လုပ်ခြင်း၊
ရေထွက်ကုန်ပစ္စည်းများအား ဖမ်းယူခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်း၊ ကြိတ်ခွဲခြင်း၊ စည်သွပ်ခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း၊
လက်မှုအနုပညာပစ္စည်းများ၊ ယွန်းထည်များနှင့် ပရိဘောဂများ ထုတ်လုပ်ခြင်း၊
အထည်အလိပ်နှင့် အဝတ်အထည်များ ထုတ်လုပ်ခြင်း၊

The Government of the Republic of the Union of Myanmar

Ministry of Commerce

Directorate of Trade

CERTIFICATE OF EXPORTER/IMPORTER REGISTRATION

1. Enterprise Name (မြန်မာ/အင်္ဂလိပ်): NEW GREEN LAND GARMENT CO.,LTD.

2. Registration No: 21223(23-10-07)

3. Registration Term: FIVE YEAR

4. Start Date : 12-09-2014

5. End Date : 11-09-2019

6. Address : (မြန်မာ/အင်္ဂလိပ်) No.32,Yangon Industrial Park, North Okkalapa T/S, Yangon Region,Myanmar

7. Business Registration No : 453/2007-2008(12-9-2007)

8. Type of Business : (မြန်မာ/အင်္ဂလိပ်)
   - ☐ Sole Proprietorship(တစ်ဦးတည်းပိုင်) ☐ Partnership(အစုအစပ်)
   - ☑ Limited Company(လီမိတက်ကုမ္ပဏီ)(Myanmar~~/Foreign)~~
   - ☐ Co-operative Society(သမဝါယမအသင်း)
   - ☐ Others(Please specify)အခြား(ဖော်ပြရန်) သင်းဖွဲ့မှတ်တမ်းပါလုပ်ငန်း(   )မျိုး ဆောင်ရွက်ခွင့်ရှိသည်။

9. Type of Service : ○ New ⊙ Extension

10. Contact No :

Telephone No.	Fax No.	e-mail
639313		

11. Remarks :

12. Terms and Conditions : စည်းကမ်းချက်များ

I hereby register the above mentioned enterprise as Exporter/Importer subject to the following terms and conditions: (အောက်ဖော်ပြပါစည်းကမ်းချက်များဖြင့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်အဖြစ် မှတ်တမ်းတင်ခွင့်ပြုသည်)

(a) Line of goods permitted - all items except prohibited and restricted items.
ခွင့်ပြုသည့်ကုန်ပစ္စည်းအမျိုးအမည် - တားမြစ်ကန့်သတ်ထားသော ကုန်ပစ္စည်းအမယ်များမှလွဲ၍ ကျန်ကုန်ပစ္စည်းများအားလုံး

(b) The enterprise must abide by the Export/Import rules and Regulations prescribed for the registered Exporters/Importers.(လုပ်ငန်းရှင်သည် မှတ်ပုံတင် ပို့ကုန်သွင်းကုန်လုပ်ငန်းလုပ်ကိုင်သူများ လိုက်နာရမည့်စည်းကမ်းချက်များကို လိုက်နာရမည်)

Stamp

ရက်စွဲ 14.8.14

For Director General

ဝင်းကြည်၊ ဒုတိယညွှန်ကြားရေးမှူး

EIREGEX0814121EIREGEX12130012 14-8-14 14.8.14

ကုမ္ပဏီရှယ်ယာပြောင်း လျှောက်ထားခြင်းနှင့်

ပတ်သက်၍ ဝန်ခံကတိပြုလွှာ

ကျွန်တော်/ ကျွန်မတို့၏ New Green Land Garment Co., Ltd. ရှယ်ယာပြောင်း လျှောက်ထားရာတွင် ဒါရိုက်တာများသည် Black List (အမည်ပျက်စာရင်း)များတွင်မပါဝင်ကြောင်းနှင့် ပြဿနာအရှုပ်အရှင်း တစုံတရာ ဖြစ်ပေါ်လာပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် လုံးဝ(လုံးဝ)မသက်ဆိုင်ပါ ကြောင်း နှင့် လာရောက်လျှောက်ထားသူများ၏ တာဝန်ဖြစ်ပါကြောင်း ဝန်ခံကတိပြု ပါသည်။

လက်မှတ် ....

အမည် ဦးနေမျိုးထိုက်

မှတ်ပုံတင်အမှတ် [illegible]

နေရပ်လိပ်စာ [illegible]

လက်မှတ် ....

အမည် ဒေါ်သီတာငြိမ်း

မှတ်ပုံတင်အမှတ် [illegible]

နေရပ်လိပ်စာ [illegible]

လက်မှတ် ....

အမည် ....

မှတ်ပုံတင်အမှတ် ....

နေရပ်လိပ်စာ ....

012575

SHARE TRANSFER K5000

nsfer of Shares

NEW GREEN LAND GARMENT CO., LTD.

I Daw Thida Nyein (8/Ma La Na(Naing)003346)

of No(11), Kyaung Gone Street, Sanchaung Township, Yangon.

in consideration of the sum of Ks.24,900,000/-

paid to me by U Nay Soe Htike(10/Pa Ma Na(N)009250) of No.310, Atesarthaya (2)Street, (3)Quarter, Kyaik Wine, Mayangone Township, Yangon. do hereby transfer to the said transferee the 249 shares number ________ to ________ standing in my name in the Books of the abovenamed Company to hold unto the said transferee, his Executors, Administrations, and Assigns, subject to the several conditions on which I held the same at the time execution there of and I the said transferee do hereby agree to take the said shares subject to the same conditions.

As witness our hands the 17th day August 2017

Witness U Zayar Lin

Designation

Address

Witness

Designation

Address

Transferor Daw Thida Nyein
8/Ma La Na(N)003346

Designation Director

Address No.11, Kyaung Gone Street, Sanchaung Township, Yangon.

Transferee U Nay Soe Htike
10/Pa Ma Na(Naing)009250

Designation Managing Director

Address No.310, Atesarthaya (2) Street, (3)Quarter, Kyaik Wine, Mayangone T/S, YANGON.

NEW GREEN LAND GARMENT CO.,LTD.
.... Myanmar ....

ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း

ကျင်းပသည့်နေ့ - ၂၄ - ၈ -၂၀၁၇

ကျင်းပသည့်အချိန် - နံနက် (၉:၀၀)

ကျင်းပသည့်နေရာ - ကုမ္ပဏီရုံးခန်း

၄/ တက်ရောက်သူများ

စဉ်	အမည်	ရာထူး
၁။	ဦးနေစိုးထိုက်	မန်နေဂျင်းဒါရိုက်တာ
၂။	ဒေါ်သီတာငြိမ်း	ဒါရိုက်တာ

၁။ **အစည်းအဝေးဆွေးနွေးချက်များ**

အစည်းအဝေးစသည်နှင့် မန်နေဂျင်းဒါရိုက်တာဦးနေစိုးထိုက်မှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အစုရှယ်ယာလွှဲပြောင်းခြင်းအား ဒါရိုက်တာအဖွဲ့ဝင်အားလုံးက ဝိုင်းဝန်းဆွေး နွေးကြပါသည်။

၂။ **အစည်းအဝေး ဆုံးဖြတ်ချက်များ**

(က) ဒေါ်သီတာငြိမ်း၏အစုရှယ်ယာ(၂၄၉)စုအား ဦးနေစိုးထိုက်သို့လွှဲပြောင်း ပေးအပ်ရန်။

(ခ) ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်းနှင့်အတူ အစုရှယ်ယာလွှဲပြောင်းခြင်းပုံစံအား ကုမ္ပဏီ များမှတ်ပုံတင်ရုံးသို့ တင်ပြမှတ်ပုံတင်ရန် ဆုံးဖြတ်ကြပါသည်။

အစည်းအဝေးမှဆုံးဖြတ်ချက်များအား အများသဘောတူညီကြပြီး အစည်းအဝေးကို(၁၀:၀၀)နာရီတွင်ရုတ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ	အတည်ပြုသူ
[illegible]	Nay Soe Htike
DIRECTOR	Managing Director
NEW GREEN LAND GARMENT CO., LTD.	New Green Land Co., Ltd.

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့ ၇၅
ငွေလက်ခံ/ရရှိပြေစာ ၁၅၇

ရက်စွဲ၊ ၂၄ - ၈ - ၂၀၁၇

၁။ ကုမ္ပဏီ အမည် (အမည်)၊
(အင်္ဂလိပ်)၊ New Green Land Co., Ltd.

၂။ ငွေပေးသွင်းသည့် အကြောင်းအရာ၊ Share ကောင်း

၃။ ပေးသွင်းသည့်ငွေ (ဂဏန်းဖြင့်)၊ ၂၅၀၀၀/- ငွေသွင်းပြီး

(စာဖြင့်)၊ ကျပ် နှစ်သောင်း ငါးထောင် တိတိ

ငွေပေးသွင်းသူလက်မှတ် Mae ငွေလက်ခံသူလက်မှတ်

အမည်၊ Tin Mae Mae Win အမည်

NEW GREEN LAND GARMENT CO.,LTD.
.... Myanmar ....

သို့

ညွှန်ကြားရေးမှူးချုပ်

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ရက်စွဲ၊ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်

အကြောင်းအရာ။ <u>အစုရှယ်ယာပြောင်းလဲခြင်းပုံစံအား မှတ်ပုံတင်ရန် ပေးပို့ခြင်း</u>

ကျွန်ုပ်တို့ New Green Land Garment Co., Ltd.၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆွေးနွေးဆုံးဖြတ်အရ ကုမ္ပဏီများမှတ်ပုံတင်ရုံးသို့ အစုရှယ်ယာပြောင်းခြင်းအားသတ်မှတ်ပုံစံတွင်လိုအပ်သည်များဖြည့်စွက်၍ အစည်းအဝေးမှတ်တမ်းနှင့်အတူ မှတ်ပုံတင်ရန်ပေးပို့တင်ပြအပ်ပါသည်။

ကျသင့်သည့် မှတ်ပုံတင်ကြေးများကိုလည်း ပေးသွင်းပြီးဖြစ်ပါသည်။

လေးစားစွာဖြင့်

Nay Soe Htike
Managing Director
New Green Land Co., Ltd.

No.44, No(3) Road, Pyinmabin Industrial Zone, Htauk Kyunt, Mingalardon Township, Yangon, Myanmar.
Tel : +95 9 42110 4437, +95 9 25928 9267 , Email : nayhtetthar@gmail.com, Website : nglgarment.com

ကုမ္ပဏီနှင့်သက်ဆိုင်သည့်အချက်အလက်များ

(က) အုပ်ချုပ်မှုဒါရိုက်တာအမည်၊ ဦးနေစိုးထိုက် (၁၀/ပမန(နိုင်)၀၀၉၂၅၀)

(ခ) ကုမ္ပဏီ ရုံးခန်းလိပ်စာ၊ အမှတ်(၃၂)၊ရန်ကုန်စက်မှုဇုံ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

(ဂ) ဆက်သွယ်ရန် ဖုန်းနံပါတ်၊ ၀၁-၆၃၉၉၃၁၃၊၀၁-၆၃၉၉၃၁၄

(ဃ) ဒါရိုက်တာများ အမည်စာရင်း–

(၁) ဒေါ်သီတာငြိမ်း
၈/မလန(နိုင်)၀၀၃၃၄၆

မှတ်ချက်။ (၁) ဤကုမ္ပဏီမှတ်ပုံတင်လက်မှတ်သည်မှတ်ပုံတင်ရက်စွဲ(၁၂-၉-၂၀၁၄)မှ (၁၁-၉-၂၀၁၉)ရက်နေ့အထိ(၅)နှစ်သက်တမ်းအတွက်သာ ဖြစ်သည်။ သက်တမ်း မကုန်ဆုံးမီ (၃)လအလိုတွင် သက်တမ်းတိုးရန် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ လျှောက်ထား ရမည်။

(၂) ကုမ္ပဏီ အနေဖြင့် သင်းဖွဲ့မှတ်တမ်းတွင်အဆိုပြု တင်ပြထားသော လုပ်ငန်းရည်ရွယ်ချက်များကိုသာ လုပ်ကိုင်ရမည်။

(၃) သင်းဖွဲ့မှတ်တမ်းပါ ရည်ရွယ်ချက်များသည် သက်ဆိုင်ရာ ပြည်ထောင်စု ၀န်ကြီးဌာန၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ခွင့် ရှိမည် ဖြစ်ပါသည်။

(၄) လုပ်ငန်းရည်ရွယ်ချက် ပြောင်းလဲ လုပ်ကိုင်လိုပါက ပြောင်းလဲ လုပ်ကိုင်လိုသည့် လုပ်ငန်း ရည်ရွယ်ချက်များအား သင်းဖွဲ့မှတ်တမ်းတွင် ပြင်ဆင်မှတ်ပုံတင်ရန်အတွက် ဒါရိုက်တာအဖွဲ့(BOD)၏ အထူး အစည်းအဝေး ဆုံးဖြတ်ချက် မှတ်တမ်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန သို့ လျှောက်ထား ရမည် ။

လာရောက်ထုတ်ယူသည့်ရက်စွဲ- 13 AUG 2014

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးမင်း ၊ ညွှန်ကြားရေးမှူး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ 003058

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် .....၄၅၃...... / ၂၀၀၇ - ၂၀၀၈

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ...စိမ်းလန်းသော နယ်မြေသစ် အထည်ချုပ် ကုမ္ပဏီ လီမိတက်... အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက် ကုမ္ပဏီအဖြစ် ..၂၀၀၇..နှစ်၊ ..စက်တင်ဘာ..လ၊ ..၁၂..ရက်နေ့တွင် မှတ်ပုံတင်ထားခြင်းအား ..၂၀၁၄..နှစ်၊ ..ဩဂုတ်..လ၊ ..၁၂..ရက်နေ့မှစ၍ သက်တမ်းတိုး ခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(မျိုးမင်း ၊ ညွှန်ကြားရေးမှူး)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

NO. ......453...... of 2007 - 2008

I hereby certify that the tenure of NEW GREEN LAND GARMENT COMPANY LIMITED ....incorporated under the Myanmar Companies Act on ....12th SEPTEMBER , 2007 .... is renewed with effected from ......12th ....AUGUST ....2014........

For Director General
(Myo Min , Director)
Directorate of Investment and Company Administration

(ဂ) ငှားရမ်းခငွေကို မြန်မာ့စီးပွားရေးဘဏ်ခွဲ(သယံဇာတ)ရှိ ကာကွယ်ရေးရငွေစာရင်းအမှတ် (အမ်ဒီ-၀၁၀၄၂၄)သို့ (၁)နှစ်တစ်ကြိမ် အကြေပေးသွင်းရေးကို တိကျစွာလိုက်နာရန်နှင့် မူရင်းချလံအား ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ငွေစာရင်းဌာနခွဲသို့ပေးပို့ပြီး ချလံမိတ္တူအား ဤရုံးသို့ ပေးပို့ရမည် ။

အငှားချထားခြင်းခံရသူ၏တာဝန်

၅။ အငှားချထားခြင်းခံရသူသည် အောက်ပါစည်းကမ်းများအား လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) အငှားချထားခြင်းခံရသူသည်အဆိုပြုတင်ပြထားသည် စာချုပ်ပါ အဆောက်အဦ အကွက်ချပုံစံ (Site Plan) အဆောက်အဦအမျိုးအစားအလိုက်၏ အရေအတွက်နှင့် ပုံစံ(Drawing)များ အတိုင်းသာ ဆောက်လုပ်သွားရမည်ဖြစ်ပြီး ပြောင်းလဲပြင်ဆင် ဆောက်လုပ်လိုပါက အငှားချထားသူထံ ပြန်လည်တင်ပြ၍ အတည်ပြုချက်ရယူပြီးမှသာ ဆောက်လုပ်ခွင့်ပြုရမည်။

(ခ) အငှားချထားခြင်းခံရသူသည် အငှားချထားစဉ်ကာလအတွင်း ယင်းမြေ၏ လုပ်ငန်း တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ထုခွဲရောင်းချခြင်း မပြုလုပ်ရ ။

(ဂ) အငှားချထားခြင်းခံရသူအနေဖြင့် အငှားချထားစဉ်ကာလအတွင်း မြေကိုငြိမ်းချမ်းစွာနှင့် အေးဆေးစွာအသုံးပြုပိုင်ခွင့်ရပြီး အငှားချထားသူ၏သဘောအရ (သို့မဟုတ်) အငှားချ ထားသူ၏ ယုံကြည်အပ်နှံသူတို့၏ ပါဝင်ပတ်သတ်မှု ဝင်ရောက်နှောင့်ယှက်မှုတို့ မရှိစေရ။

(ဃ) ငှားရမ်းသည့်အချိန်ကာလအတွင်း မြေပေါ်တွင်တည်ဆောက်မည့် အဆောက်အဦးများကို မီးအာမခံနှင့်အခြားလိုအပ်သော အာမခံများကို မြန်မာ့အာမခံဥပဒေအရထားရှိရန် အငှား ချထားခြင်းခံရသူက တာဝန်ယူရမည်။

(င) အငှားချထားခြင်းကိစ္စနှင့် စပ်လျဉ်း၍ မြေခွန်မှအပအခြားစည်ပင်သာယာခွန် အပါအဝင် လုပ်ငန်းဆောင်ရွက်မှုနှင့် သက်ဆိုင်သော အခွန်အခအားလုံးကို အချိန်မှန်မှန် ပေးသွင်း ရမည်။

(စ) လုပ်ငန်းများဆောင်ရွက်ရေးအတွက် ဥပဒေအရ လိုအပ်သောခွင့်ပြုချက်များ၊ လိုင်စင်များ ကို သက်ဆိုင်ရာဌာနများမှ ရယူဆောင်ရွက်ရမည်။

(ဆ) နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများကိုလိုက်နာ၍ တရားဥပဒေနှင့် ညီစွန်းသော လုပ်ငန်းရပ်များ လုပ်ဆောင်ခြင်းမှ ရှောင်ကျဉ်ရမည်။

(ဇ) ငှားရမ်းခကို စတင်ငှားရမ်းသည့်နေ့မှစ၍ (၆၀)နှစ်ငှားရမ်းမည်ဖြစ်ပြီး (၁)နှစ်တစ်ကြိမ် အကြေပေးသွင်းရမည် ။

အငှားချထားသူ၏တာဝန်များ

၆။ အငှားချထားသူသည် ငှားရမ်းသည့်မြေခွန်ကို ပေးဆောင်ရမည်။ လုပ်ငန်းတိုးတက်အောင်မြင်ရေး အတွက် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းမှုအပေါ် ရည်ရွယ်သောအားဖြင့် အငှားချ ထားခြင်းခံရသူမှ တင်ပြမှုတို့အပေါ် အငှားချထားသူမှ ဥပဒေနှင့် မဆန့်ကျင်လျှင်သော်လည်းကောင်း ၊ အခြားလုပ်ငန်းများ မထိခိုက်လျှင်သော်

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ
အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန
ရုံးအမှတ် (၃၂)၊ နေပြည်တော်

စာအမှတ်၊ ရကး-၈(ဂ)၀၀၁/၂၀၁၄(၂၃၄)
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်

သို့

အုပ်ချုပ်မှုဒါရိုက်တာ
စိမ်းလန်းသောနယ်မြေသစ်အထည်ချုပ် ကုမ္ပဏီ လီမိတက်
အမှတ်(၃၂)၊ရန်ကုန်စက်မှုဇုံ
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

အကြောင်းအရာ။ **ကုမ္ပဏီမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းကိစ္စ**

ရည် ညွှန်း ချက် ။ ကုမ္ပဏီ၏ **(၁၂-၈-၂၀၁၄)** ရက်စွဲပါစာ

၁။ အထက် ရည်ညွှန်းပါစာဖြင့် **စိမ်းလန်းသောနယ်မြေသစ်အထည်ချုပ် ကုမ္ပဏီ လီမိတက်**မှ သက်တမ်း တိုးမြှင့် ပေးပါရန် တင်ပြလာခြင်းကို(၁၂-၈-၂၀၁၄) ရက်နေ့တွင်ခွင့်ပြုပြီး ဖြစ်သဖြင့် (၁၁-၉-၂၀၁၉) ရက်နေ့ အထိ (၅)နှစ် သက်တမ်း တိုးမြှင့်ခွင့် ပြုလိုက်သည်။

၂။ သို့ပါ၍ **စိမ်းလန်းသောနယ်မြေသစ်အထည်ချုပ် ကုမ္ပဏီ လီမိတက်**မှ ကျပ် ၅၀၀,၀၀၀/- (ကျပ်ငါးသိန်း တိတိ) ပေးသွင်းပြီး ဖြစ်ပါ၍ ရုံးတွင်း မှတ်ပုံတင်အမှတ် ၄၅၃ / ၂၀၀၇ - ၂၀၀၈ (၁၂-၉-၂၀၀၇)ဖြင့် သက်တမ်းတိုး မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေး လိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ခင်မောင်ကြည်၊ လက်ထောက်ညွှန်ကြားရေးမှူး)


မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး
ရုံးလက်ခံ
မျှောစာတွဲ


EC-24

ကုမ္ပဏီ နှင့် သက်ဆိုင်သော အချက်အလက်များ





AC 755840



အလုပ်အကိုင် ရောင်း ဝယ်

နေရပ်လိပ်စာ [illegible]

ထိုးမြဲလက်မှတ် [illegible]

[illegible] အမြဲဆောင်ထားရမည်၊

[illegible]

နိုင်ငံသားစိစစ်ရေးကတ်ပြား



အမှတ် ၁၀/ပဒန(နိုင်)၀၀၄၂၉၀

အမည် [illegible]

အဘအမည် ဦး [illegible]

မွေးသက္ကရာဇ် ၂၉ . ၈ . ၁၉၇၅

လူမျိုး/ဘာသာ [illegible]

[illegible]

New Green Land Garment Co., Ltd

ရင်းနှီးမြှုပ်နှံမှု ပုံစံ

စဉ်	အကြောင်းအရာ	ကျပ်	US$	စုစုပေါင်း ညီမျှသော (ကျပ်)
၁	ငွေသား	137,803,905.00		137,803,905.00
၂	(2016-2017) ဘဏ္ဍာရေးနှစ်ချုပ် အစီရင် ခံစာအရ စက်နှင့်စက်ပစ္စည်းများနှင့် ပုံသေပိုင်ပစ္စည်းတန်ဖိုး	73,408,595.00		73,408,595.00
၃	ပြည်ပမှ တင်သွင်းမည့် စက်နှင့်စက်ပစ္စည်း		1,058,600.00	1,407,938,000.00
၄	ပြည်တွင်းတွင် ဝယ်ယူမည့် ရုံးလုပ်ငန်းသုံး ပစ္စည်း	20,149,500		20,149,500.00
၅	ပြည်တွင်းတွင် ဝယ်ယူမည့် မော်တော်ယာဉ် တန်ဖိုး	60,700,000		60,700,000.00
၆	အဆောက်အဦး ပြင်ဆင်မွမ်းမံစရိတ်	300,000,000		300,000,000.00
	စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ	**592,062,000.00**	**1,058,600.00**	**2,000,000,000.00**

Exchange Rate 1 US$ = Kyat 1330

မှတ်ချက်

No -2 (2016-2017) ဘဏ္ဍာရေးနှစ်ချုပ် အစီရင် ခံစာအရ စက်နှင့်စက်ပစ္စည်းများနှင့်ပုံသေပိုင်ပစ္စည်းတန်ဖိုး

No - 3 ပြည်ပမှ ထပ်မံတင်သွင်းမည့် စက်နှင့် စက်ပစ္စည်းများဖြစ်ပါသည်။

No - 4 ပြည်တွင်းတွင် ထပ်မံဝယ်ယူမည့် ရုံးလုပ်ငန်းသုံး ပစ္စည်း များဖြစ်ပါသည်။

No - 5 ပြည်တွင်းတွင် ထပ်မံဝယ်ယူမည့် မော်တော်ယာဉ် များဖြစ်ပါသည်။

No -6 အဆောက်အဦးများ၏ အမိုး ၊ အခင်း ၊ အကာများ ပြန်လည် ပြင်ဆင် မွမ်းမံစရိတ်

New Green Land Garment Company Limited

ဒါရိုက် တာများစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	ရာထူး	အစုရှယ်ယာ ရာခိုင်နှုန်း
၁	ဦးနေစိုးထိုက်	မြန်မာ ၁၀/ပမန (နိုင်) ၀၀၉၂၅၀	အမှတ် - (၉၈)၊ ခရေပင်ရိပ်မွန် (၁) လမ်း၊ ချစ်တီကုန်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။	မန်နေဂျင်းဒါရိုက်တာ	၉၉. ၈၀%
၂	ဒေါ်သီတာငြိမ်း	မြန်မာ ၈ /မလန (နိုင်) ၀၀၃၃၄၆	အမှတ် - (၁၁)၊ ကျောက်ကုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။	ဒါရိုက်တာ	၀. ၂၀%

7. Particulars of the Investment Project - Initial 30 years (extendable and renewable for another period 5 years 2 times)

(A) Investment location(s)/place(s) - Plot No – 44 (A) , No – 3 Street, Pyin Ma Pin Industrial Zone , Mingalardone Township, Yangon Region

8. Amount of Investment - Kyat 2,000 Million

9. The licenses, Permit, Permission, and etc; of the relevant organizations shall be attached if they are received.

10. Commencement of Business : ☐ Yes ☒ No
If it is commenced, describe the performance of business activities;

11. Describe whether other application is being submitted together with the Endorsement Form or not:

☒ Land Rights Authorization Application

☒ Tax Incentive Application

Signature of the applicant

Name: U Nay Soe Htike
Title: Managing Director
Department/Company
(Seal/Stamp)

NAY SOE HTIKE
MANAGING DIRECTOR
NEW GREEN LAND GARMENT CO., LTD.

Date: ………………………

(f) Phone/Fax : :Nil

(g) E-mail : :Nil

3. Type of business organization to be formed:-

☒ One Hundred Percent ☐ Joint Venture (To attach the draft of JV agreement)

☐ Type of Contractual Basis(To attach draft contract/agreement)

Share Ratio (Local) : 100%

Share Ratio(Government Department/Organization) : Nil

Share Ratio(Foreigner) : -

4. List of Shareholders Owned 10% of the Share and Above:

No	Name of Shareholder	Citizenship	Share Percentage
1	U Nay Soe Htike	Myanmar	99.80%
2	Daw Thidar Nyein	Myanmar	0.20%

5. Particulars of Company Incorporation

(a) Authorized Capital : Kyat 500 Million

(b) Type of Share : Ordinary Share (Kyat100,000/ per share)

(c) Number of Shares : 20000 Shares

Note: Memorandum of Association and Articles of Association of the Company shall be submitted with regard to above paragraph 5.

6. Particulars of Paid-up Capital of the Investment;

	Kyat/(Million)
(a) Amount /Percentage of local capital to be contributed	Kyat 2,000 Million
(b) Amount /Percentage of foreign capital to be brought in	
Total	Kyat 2,000 Million

Form (4-B)

Endorsement Application Form

To

Chairman

Yangon Region Investment Committee

Reference No. : NGL / MIC / 2018 ( )

Date.

I do apply for the endorsement in accordance with the Section 37 of the Myanmar Investment Law by furnishing the following particulars:

Particulars:-

1. The Investor's:-
   - (a) Name : U Nay Soe Htike
   - (b) Company Registration No/ID No/ National Registration Card No/Passport : 10/Pa Ma Na (Naing)009250
   - (c) Citizenship : Myanmar
   - (d) Address /Address of Registered Office : No – 98 , Khayay Pin Yeik Mon (1) Street, Chit Te Kone , Mingalardone Township.
   - (e) Phone/Fax/E-mail : 0943180881 , nayhtetthar@gmail.com
   - (f)Type of Business (to describe in detail) : manufacturing of Garment on CMP basis.

   Note: The following documents need to be attached according to the above paragraph(1):-
   (1) Company Registration Certificate (copy);
   (2) ID No/National Registration Card (copy) and Passport (copy);

2. If the investor don't apply for endorsement by himself/herself ,the application;
   - (a) Name :Nil
   - (b) Name of contact person (if applicant is business organization) :Nil

   Note: describe with attachment of letter of legal representative

   - (c) ID No./National Registration Card No. /Passport No. :Nil
   - (d) Citizenship :Nil
   - (e) Address in Myanmar; :Nil

ကတိဝန်ခံချက်

အထက်ဖော်ပြပါ လျှောက်ထားသူမှ ပေးအပ်သည့် အချက်အလက်များအားလုံးသည် မှန်ကန်မှု ရှိပါကြောင်း အာမခံပါသည်။

ဤအတည်ပြုလျှောက်ထားလွှာတွင် အတည်ပြုမိန့် ထုတ်ပေးရန်အတွက် ကော်မရှင်မှ စီစစ်ရာ၌ လိုအပ်သည့် အချက်များကို လျှောက်ထားသူကပေးအပ်ရန် ပျက်ကွက်ပါက အတည်ပြု လျှောက်ထား လွှာကို ငြင်းပယ်ခြင်း သို့မဟုတ် စီစစ်ရာ၌ မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာခြင်းတို့ ဖြစ်ပေါ်နိုင် ကြောင်း ကောင်းစွာ သဘောပေါက် နားလည်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ချမှတ်မည့် စည်းမျဉ်း စည်းကမ်းများကိုလည်း လိုက်နာ မည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လျှောက်ထားသူလက်မှတ်

အမည် ဦးနေစိုးထိုက်

ရာထူး မန်နေးဂျင်းဒါရိုက်တာ

ဌာန / ကုမ္ပဏီ တံဆိပ်

NAY SOE HTIKE
MANAGING DIRECTOR
NEW GREEN LAND GARMENT CO., LTD.

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရှိ
တပ်မတော်ပိုင်မြေ(၅၆၀.၀၆)ကေအား နှစ်ရှည်ငှားရမ်းခြင်း နှစ်ဘက်သဘောတူစာချုပ်

နိဒါန်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ပျဉ်းမပင်ရှိ တပ်မတော်ပိုင် ပျဉ်းမပင်စက်မှုနယ်မြေ (၅၆၀. ၀၆) ကေအား မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ နှစ်ရှည်မြေငှားရမ်းခြင်းအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ထောက်ချုပ်ရုံး (နောင်တွင်အငှားချထားခြင်းခံရသူဟုခေါ်တွင်မည်ဖြစ်ပြီး ယင်းစကားရပ်တွင် စစ်ထောက်ချုပ်ရုံး၏ တရားဝင်လွှဲအပ်ခြင်းခံရသူများအားလုံး ပါဝင်စေရမည်)နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ကိုယ်စားလှယ် (နောင်တွင် အငှားချထားခြင်းခံရသူဟုခေါ်တွင်မည်ဖြစ်ပြီး ယင်းစကားရပ်တွင် ၎င်း၏သဘောတူညီချက်ဖြင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆက်လက်ကျင့်သုံးသည့် ကိုယ်စားလှယ်များပါဝင်စေရမည်)တို့သည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို သဘောတူညီကြောင်း ၂၀၁၃ ခုနှစ်၊ ဧပြီလ(၁) ရက်နေ့တွင် နေပြည်တော်၌ နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုကြပါသည်။

ငှားရမ်းမည့်မြေ

၂။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရှိ တပ်မတော်ပိုင် ပျဉ်းမပင်စက်မှုနယ်မြေ (၅၆၀. ၀၆)ကေအား ငှားရမ်းခြင်း ။

ငှားရမ်းမည့်ကာလ

၃။ ငှားရမ်းမည့်ကာလမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရှိ တပ်မတော်ပိုင် ပျဉ်းမပင်စက်မှုနယ်မြေ (၅၆၀. ၀၆)ကေအား (၁-၄-၂၀၂၀)မှ(၃၁-၃-၂၀၈၀)ထိ သက်တမ်းကာလ(၆၀)နှစ်တိတိ ငှားရမ်းပါသည်။

(ခ) ငှားရမ်းကာလ (၆၀)နှစ်ပြည့်မြောက်ကုန်ဆုံးပြီးနောက် မြေနေရာငှားရမ်းသူမှ ဆက်လက်ငှားရမ်းလိုပါက (၆)လကြိုတင်၍ ယခင်ချုပ်ဆိုခဲ့သည့် စာချုပ်အား ညှိနှိုင်းပြင်ဆင်သတ်မှတ်ပြီး၊ ငှားရမ်းသူသို့ ဦးစားပေးငှားရမ်းမည် ။

(ဂ) ငှားရမ်းအသုံးပြုစဉ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ငှားရမ်းနိုင်ခြင်းမရှိပါက (၆)လကြိုတင်၍ အကြောင်းကြားရမည် ။

ငှားရမ်းခနှုန်းထားသတ်မှတ်ခြင်း

၄။ ငှားရမ်းခနှုန်းထားအား အောက်ပါအတိုင်းသတ်မှတ်ပါသည် -

(က) ငှားရမ်းမှုကို စတင်သတ်မှတ်ထားသည့်နေ့မှစ၍ (၁)နှစ်လျှင် တစ်ကေကျပ်(၁,၀၀၀ိ/-) (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် သတ်မှတ်သည်။

(ခ) မြေငှားရမ်းခြင်းအား ပိုင်ရှင်မှ အကြောင်းတစ်စုံတစ်ရာကြောင့် ရပ်နားစေပါက ၎င်းကာလအတွင်း ငှားရမ်းခပေးချေရန်မလိုဘဲ၊ အသုံးပြုသည့်ကာလအတွက်သာ ငှားရမ်းသူမှ ပေးသွင်းရမည် ။

၆။ မတည်ငွေရင်း နှင့် သက်ဆိုင်သည့် အချက်အလက်များ-

	Kyat (သန်းပေါင်း)
(က) ပြည်တွင်းမှ ထည့်ဝင်သည့် မတည်ငွေရင်း ပမာဏ / ရာခိုင်နှုန်း	Kyat 2,000 Million
(ခ) နိုင်ငံခြားမှယူဆောင်လာသည့် မတည်ငွေရင်း ပမာဏ / ရာခိုင်နှုန်း	-
စုစုပေါင်း	Kyat 2,000 Million

၇။ (တ) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် သက်တမ်း — ကနဦး ၃၀ နှစ် နှင့် ၅ နှစ်သက်တမ်းတိုး ၂ ကြိမ်

၈။ ဆောင်ရွက်မည့် စီးပွားရေး အဖွဲ့အစည်းနှင့် သက်ဆိုင်သော အချက်အလက်များ -

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ(များ)/ တည်နေရာ — အကွက် အမှတ် - ၄၄ (အေ) ၊ အမှတ် (၃) လမ်း ၊ ပျဉ်းမပင် စက်မှုနယ်မြေ ၊ မင်္ဂလာဒုံ မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။

(ခ) ရင်းနှီးမြှုပ်နှံမှု တန်ဖိုး / ပမာဏ — Kyat 2,000 Million

၉။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက် ၊ လိုင်စင် ၊ ပါမစ် စသည်တို့ ရရှိပြီးပါက ပူးတွဲ တင်ပြရန်။

၁၀။ လုပ်ငန်းစတင်ဆောင်ရွက်နေခြင်း ☐ ရှိ ၊ ☒ မရှိ

ရှိပါက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ဖော်ပြပေးရန်

၁၁။ အတည်ပြုလျှောက်ထားလွှာနှင့်အတူ အောက်ဖော်ပြပါ လျှောက်ထားလွှာများကို တင်ပြလျှောက်ထားရှိ/မရှိ ဖော်ပြရန်။

☒ မြေအသုံးပြုခွင့် လျှောက်ထားလွှာ

☒ အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်လျှောက်ထားလွှာ

(ဃ) နိုင်ငံသား Nil

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့်နေရပ်လိပ်စာ Nil

(စ) တယ်လီဖုန်း /ဖက်စ်

(ဆ) အီးမေးလ်လိပ်စာ

မှတ်ချက်။ ။တရားဝင်ကိုယ်စားလှယ်လွှဲစာ ပူးတွဲတင်ပြရန်

၃။ ဖွဲ့စည်းမည့်စီးပွားရေးအဖွဲ့ အစည်းပုံသဏ္ဍာန်

☒ ရာခိုင်နှုန်းပြည့် ☐ ဖက်စပ်ပြုလုပ်ခြင်း(ဖက်စပ်စာချုပ်မူကြမ်းတင်ပြရန်)

☐ အခြားသောသဘောတူညီချက်ပုံစံ တစ်မျိုးမျိုးဖြင့်ဆောင်ရွက်ခြင်း (စာချုပ်မူကြမ်းတင်ပြရန်)

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ၏အစုရှယ်ယာပိုင်ဆိုင်မှုအချိုး - ၁၀၀%

အစိုးရဌာန၊အစိုးရအဖွဲ့ အစည်း၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး -

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး

၄။ **အစုရှယ်ယာ ၁၀% နှုန်းနှင့် အထက်ပိုင်ဆိုင်သော အစုရှယ်ယာရှင်များစာရင်း**

စဉ်	အစုရှယ်ယာရှင်အမည်	နိုင်ငံသား	အစုရှယ်ယာ ပိုင်ဆိုင်မှု%
၁	ဦးနေစိုးထိုက်	မြန်မာ	၉၉.၈%
၂	ဒေါ်သီတာငြိမ်း	မြန်မာ	၀.၂%

၅။ **ကုမ္ပဏီ ဖွဲ့စည်းခြင်းနှင့် သက်ဆိုင်သော အချက်အလက်များ**

(က) ခွင့်ပြုမတည်ငွေရင်း - ကျပ် သန်းငါးရာ တိတိ

(ခ) အစုရှယ်ယာအမျိုးအစား - Ordinary Share (အစုရှယ်ယာတစ်စု တန်ဖိုး ကျပ် တစ်သိန်းတိတိ)

(ဂ) အစုရှယ်ယာဝင်များက ထည့်ဝင်မည့် အစုရှယ်ယာ ပမာဏ - အစုရှယ်ယာ ၂၀၀၀၀ စု

မှတ်ချက်။ ။ သင်းဖွဲ့မှတ်တမ်း / သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ကုမ္ပဏီ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း ပူးတွဲတင်ပြရန်။

ပုံစံ (၄ - ခ)

အတည်ပြု လျှောက်ထားလွှာ

သို့
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ

စာအမှတ် ။ ။ NGL /MIC/2018( )
ရက်စွဲ ။ ။

ကျွန်တော် / ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၃၇ နှင့် အညီ အောက်ဖော်ပြပါ အချက်များအား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထား အပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က)	အမည်	ဦးနေစိုးထိုက်
(ခ)	ကုမ္ပဏီမှတ်ပုံတင်အမှတ်သို့မဟုတ်ရင်းနှီးမြှုပ်နှံသူ၏နိုင်ငံသားစီစစ်ရေးကဒ်အမှတ်/နိုင်ငံကူးလက်မှတ် အမှတ်	၁၀/ပမန (နိုင်) ၀၀၉၂၅၀
(ဂ)	နိုင်ငံသား	မြန်မာ
(ဃ)	နေရပ်လိပ်စာ/မှတ်ပုံတင်ထားသည့် ကုမ္ပဏီလိပ်စာ	အမှတ် - (၉၈) ၊ ခရေပင်ရိပ်မွန် (၁) လမ်း ၊ ချစ်တီးကုန်း ၊ မင်္ဂလာဒုံမြို့နယ် ၊ ရန်ကုန်မြို့။
(င)	တယ်လီဖုန်း /ဖက်စ်/အီးမေးလ်လိပ်စာ	0943180881 , nayhtetthar@gmail.com
(စ)	လုပ်ငန်းအမျိုးအစား(အသေးစိတ်ဖော်ပြရန်)	CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း

မှတ်ချက်။ ။အောက်ပါအချက်များပူးတွဲတင်ပြရန်-
(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားမိတ္တူ
(၂) နိုင်ငံသားစီစစ်ရေးကတ်မိတ္တူ နှင့် နိုင်ငံကူးလက်မှတ်မိတ္တူ

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင်လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏

(က)	အမည်	Nil
(ခ)	ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် (လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက)	Nil
(ဂ)	နိုင်ငံသားစီစစ်ရေးကဒ်အမှတ်/ နိုင်ငံကူးလက်မှတ် အမှတ်	Nil

အတည်ပြုလျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ

.... တိုင်းဒေသကြီး / ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

စာအမှတ် ၊

ရက်စွဲ ၂၀ ခုနှစ်၊ လ ရက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၇ နှင့်အညီ အောက်ဖော်ပြပါ အချက်များအား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထားအပ်ပါသည် -

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က) အမည် ....

(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ် သို့မဟုတ် ....
ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကဒ် ....
အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ....

(ဂ) နိုင်ငံသား ....

(ဃ) နေရပ်လိပ်စာ/ မှတ်ပုံတင်ထားသည့်ကုမ္ပဏီလိပ်စာ ....
....

(င) တယ်လီဖုန်း /ဖက်စ် / အီးမေးလ်လိပ်စာ ....

(စ) လုပ်ငန်းအမျိုးအစား (အသေးစိတ်ဖော်ပြပေးရန်) ....

မှတ်ချက်။ အောက်ပါအချက်များကိုပူးတွဲတင်ပြရန် -

(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားမိတ္တူ

(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့်နိုင်ငံကူးလက်မှတ်မိတ္တူ

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏ -

(က) အမည် ....

(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် ....
(လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ....

(ဃ) နိုင်ငံသား ....

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့်နေရပ်လိပ်စာ ....
....

NEW GREEN LAND GARMENT CO.,LTD.
.... Myanmar ....

No............
Date............
NEW GREEN LAND GARMENT CO.,LTD.

သို့

ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ
ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ( )ရက်။

အကြောင်းအရာ။ ။ New Green Land Garment Co.,Ltd မှ အကွက် အမှတ် - ၄၄ (အေ) ၊ အမှတ် (၃) လမ်း ၊ ပျဉ်းမပင် စက်မှုနယ်မြေ ၊ မင်္ဂလာဒုံ မြို့နယ် ၊ ရန်ကုန်တိုင်း ဒေသကြီးတွင် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းအားရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြခြင်း ကိစ္စရပ်နှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အစီအစဉ်။

၁။ စက်ရုံ ပတ်ဝန်းကျင် အရိပ်ရ သစ်ပင် ၊ ပန်းပင်များကို စနစ်တကျစိုက်ပျိုးပေးသွားမည်ဖြစ်ပါသည်။

၂။ စက်ရုံမှ ထွက်ရှိလာသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ကာ စွန့်ပစ်သွားမည်ဖြစ်ပါသည်။

၃။ ကျွန်တော်တို့ ကုမ္ပဏီ အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပွားစေရန်အတွက်လိုအပ်သောအစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

NAY SOE HTIKE
MANAGING DIRECTOR
NEW GREEN LAND GARMENT CO., LTD.

No.44, No(3) Road, Pyinmabin Industrial Zone, Htauk Kyunt, Mingalardon Township, Yangon, Myanmar.
Tel : +95 9 42110 4437, +95 9 25928 9267 , Email : nayhtetthar@gmail.com, Website : nglgarment.com

NEW GREEN LAND GARMENT CO.,LTD.
.... Myanmar ....

သို့
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ
ရန်ကုန်မြို့။

(ဂ) အငှားချထားခြင်းခံရသူအနေဖြင့် အငှားချထားစဉ်ကာလအတွင်း မြေကိုငြိမ်းချမ်းစွာနှင့် အေးဆေးစွာအသုံးပြုပိုင်ခွင့်ရပြီး အငှားချထားသူ၏သဘောအရ (သို့မဟုတ်) အငှားချ ထားသူ၏ ယုံကြည်အပ်နှံသူတို့၏ ပါဝင်ပတ်သတ်မှု ဝင်ရောက်နှောင့်ယှက်မှုတို့ မရှိစေရ။

(ဃ) ငှားရမ်းသည့်အချိန်ကာလအတွင်း မြေပေါ်တွင်တည်ဆောက်မည့် အဆောက်အဦးများကို မီးအာမခံနှင့်အခြားလိုအပ်သော အာမခံများကို မြန်မာ့အာမခံဥပဒေအရထားရှိရန် အငှား ချထားခြင်းခံရသူက တာဝန်ယူရမည်။

(င) အငှားချထားခြင်းကိစ္စနှင့် စပ်လျဉ်း၍ မြေခွန်မှအပအခြားစည်ပင်သာယာခွန် အပါအဝင် လုပ်ငန်းဆောင်ရွက်မှုနှင့် သက်ဆိုင်သော အခွန်အခအားလုံးကို အချိန်မှန်မှန် ပေးသွင်း ရမည်။

(စ) လုပ်ငန်းများဆောင်ရွက်ရေးအတွက် ဥပဒေအရ လိုအပ်သောခွင့်ပြုချက်များ၊ လိုင်စင်များ ကို သက်ဆိုင်ရာဌာနများမှ ရယူဆောင်ရွက်ရမည်။

(ဆ) နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများကိုလိုက်နာ၍ တရားဥပဒေနှင့် ညီစွန်းသော လုပ်ငန်းရပ်များ လုပ်ဆောင်ခြင်းမှ ရှောင်ကျဉ်ရမည်။

(ဇ) ငှားရမ်းခကို စတင်ငှားရမ်းသည့်နေ့မှစ၍ (၆၀)နှစ်ငှားရမ်းမည်ဖြစ်ပြီး (၁)နှစ်တစ်ကြိမ် အကြေပေးသွင်းရမည် ။

အငှားချထားသူ၏တာဝန်များ

၆။ အငှားချထားသူသည် ငှားရမ်းသည့်မြေခွန်ကို ပေးဆောင်ရမည်။ လုပ်ငန်းတိုးတက်အောင်မြင်ရေး အတွက် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းမှုအပေါ် ရည်ရွယ်သောအားဖြင့် အငှားချ ထားခြင်းခံရသူမှ တင်ပြမှုတို့အပေါ် အငှားချထားသူမှ ဥပဒေနှင့် မဆန့်ကျင်လျှင်သော်လည်းကောင်း ၊ အခြားလုပ်ငန်းများ မထိခိုက်လျှင်သော်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန

ရုံးအမှတ် (၃၂)၊ နေပြည်တော်

စာအမှတ်၊ ရကႈ-၈(ဂ)၀၀၁/၂၀၁၄(၂၃၄)

ရက်စွဲ၊ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်

သို့

အုပ်ချုပ်မှုဒါရိုက်တာ

စိမ်းလန်းသောနယ်မြေသစ်အထည်ချုပ် ကုမ္ပဏီ လီမိတက်

အမှတ်(၃၂)၊ရန်ကုန်စက်မှုဇုံ
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

အကြောင်းအရာ။ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းကိစ္စ

ရည် ညွှန်း ချက် ။ ကုမ္ပဏီ၏ **(၁၂-၈-၂၀၁၄)** ရက်စွဲပါစာ

၁။ အထက် ရည်ညွှန်းပါစာဖြင့် **စိမ်းလန်းသောနယ်မြေသစ်အထည်ချုပ် ကုမ္ပဏီ လီမိတက်**မှ သက်တမ်း တိုးမြှင့် ပေးပါရန် တင်ပြလာခြင်းကို(၁၂-၈-၂၀၁၄) ရက်နေ့တွင်ခွင့်ပြုပြီး ဖြစ်သဖြင့် (၁၁-၉-၂၀၁၉) ရက်နေ့ အထိ (၅)နှစ် သက်တမ်း တိုးမြှင့်ခွင့် ပြုလိုက်သည်။

၂။ သို့ပါ၍ **စိမ်းလန်းသောနယ်မြေသစ်အထည်ချုပ် ကုမ္ပဏီ လီမိတက်**မှ ကျပ် ၅၀၀,၀၀၀/- (ကျပ်ငါးသိန်း တိတိ) ပေးသွင်းပြီး ဖြစ်ပါ၍ ရုံးတွင်း မှတ်ပုံတင်အမှတ် ၄၅၃ / ၂၀၀၇ - ၂၀၀၈ (၁၂-၉-၂၀၀၇)ဖြင့် သက်တမ်းတိုး မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေး လိုက်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(ခင်မောင်ကြည်၊ လက်ထောက်ညွှန်ကြားရေးမှူး)

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး


ရုံးလက်ခံ

မျှောစာတွဲ

EC-24

ကုမ္ပဏီ နှင့် သက်ဆိုင်သော အချက်အလက်များ


နိုင်ငံသား စိစစ်ရေး ကတ်ပြား



ကတ်အမှတ် AC 755840

[illegible]

အလုပ်အကိုင် [illegible]

နေရပ်လိပ်စာ [illegible]

ထိုးမြဲလက်မှတ် [illegible]

[illegible]

နိုင်ငံသားစိစစ်ရေးကတ်ပြား



အမည် [illegible]

အဘအမည် [illegible]

မွေးသက္ကရာဇ် [illegible]

လူမျိုး/ဘာသာ [illegible]

[illegible]

New Green Land Garment Co., Ltd

ရင်းနှီးမြှုပ်နှံမှု ပုံစံ

စဉ်	အကြောင်းအရာ	ကျပ်	US$	စုစုပေါင်း ညီမျှသော (ကျပ်)
၁	ငွေသား	137,803,905.00		137,803,905.00
၂	(2016-2017) ဘဏ္ဍာရေးနှစ်ချုပ် အစီရင် ခံစာအရ စက်နှင့်စက်ပစ္စည်းများနှင့် ပုံသေပိုင်ပစ္စည်းတန်ဖိုး	73,408,595.00		73,408,595.00
၃	ပြည်ပမှ တင်သွင်းမည့် စက်နှင့်စက်ပစ္စည်း		1,058,600.00	1,407,938,000.00
၄	ပြည်တွင်းတွင် ဝယ်ယူမည့် ရုံးလုပ်ငန်းသုံး ပစ္စည်း	20,149,500		20,149,500.00
၅	ပြည်တွင်းတွင် ဝယ်ယူမည့် မော်တော်ယာဉ် တန်ဖိုး	60,700,000		60,700,000.00
၆	အဆောက်အဦး ပြင်ဆင်မွမ်းမံစရိတ်	300,000,000		300,000,000.00
	စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ	**592,062,000.00**	**1,058,600.00**	**2,000,000,000.00**

Exchange Rate 1 US$ = Kyat 1330

<u>မှတ်ချက်</u>

No -2 (2016-2017) ဘဏ္ဍာရေးနှစ်ချုပ် အစီရင် ခံစာအရ စက်နှင့်စက်ပစ္စည်းများနှင့်ပုံသေပိုင်ပစ္စည်းတန်ဖိုး

No - 3 ပြည်ပမှ ထပ်မံတင်သွင်းမည့် စက်နှင့် စက်ပစ္စည်းများဖြစ်ပါသည်။

No - 4 ပြည်တွင်းတွင် ထပ်မံဝယ်ယူမည့် ရုံးလုပ်ငန်းသုံး ပစ္စည်း များဖြစ်ပါသည်။

No - 5 ပြည်တွင်းတွင် ထပ်မံဝယ်ယူမည့် မော်တော်ယာဉ် များဖြစ်ပါသည်။

No -6 အဆောက်အဦးများ၏ အမိုး ၊ အခင်း ၊ အကာများ ပြန်လည် ပြင်ဆင် မွမ်းမံစရိတ်

New Green Land Garment Company Limited

ဒါ ရိုက် တာများစာရင်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	နေရပ်လိပ်စာ	ရာထူး	အစုရှယ်ယာ ရာခိုင်နှုန်း
၁	ဦးနေစိုးထိုက်	မြန်မာ ၁၀/ပမန (နိုင်) ၀၀၉၂၅၀	အမှတ် - (၉၈)၊ ခရေပင်ရိပ်မွန် (၁) လမ်း၊ ချစ်တီကုန်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။	မန်နေဂျင်းဒါရိုက်တာ	၉၉. ၈၀%
၂	ဒေါ်သီတာငြိမ်း	မြန်မာ ၈ /မလန (နိုင်) ၀၀၃၃၄၆	အမှတ် - (၁၁)၊ ကျောက်ကုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။	ဒါရိုက်တာ	၀. ၂၀%

7. Particulars of the Investment Project - Initial 30 years (extendable and renewable for another period 5 years 2 times)

(A) Investment location(s)/place(s) - Plot No – 44 (A) , No – 3 Street, Pyin Ma Pin Industrial Zone , Mingalardone Township, Yangon Region

8. Amount of Investment - Kyat 2,000 Million

9. The licenses, Permit, Permission, and etc; of the relevant organizations shall be attached if they are received.

10. Commencement of Business : ☐ Yes ☒ No
If it is commenced, describe the performance of business activities;

11. Describe whether other application is being submitted together with the Endorsement Form or not:

☒ Land Rights Authorization Application

☒ Tax Incentive Application

Signature of the applicant

Name: U Nay Soe Htike
Title: Managing Director
Department/Company
(Seal/Stamp)

NAY SOE HTIKE
MANAGING DIRECTOR
NEW GREEN LAND GARMENT CO., LTD.

Date: ……………………..

(f) Phone/Fax : :Nil

(g) E-mail : :Nil

3. Type of business organization to be formed:-

☒ One Hundred Percent ☐ Joint Venture (To attach the draft of JV agreement)

☐ Type of Contractual Basis(To attach draft contract/agreement)

Share Ratio (Local) : 100%

Share Ratio(Government Department/Organization) : Nil

Share Ratio(Foreigner) : -

4. List of Shareholders Owned 10% of the Share and Above:

No	Name of Shareholder	Citizenship	Share Percentage
1	U Nay Soe Htike	Myanmar	99.80%
2	Daw Thidar Nyein	Myanmar	0.20%

5. Particulars of Company Incorporation

(a) Authorized Capital : Kyat 500 Million

(b) Type of Share : Ordinary Share (Kyat100,000/ per share)

(c) Number of Shares : 20000 Shares

Note: Memorandum of Association and Articles of Association of the Company shall be submitted with regard to above paragraph 5.

6. Particulars of Paid-up Capital of the Investment;

	Kyat/(Million)
(a) Amount /Percentage of local capital to be contributed	Kyat 2,000 Million
(b) Amount /Percentage of foreign capital to be brought in	
Total	Kyat 2,000 Million

Form (4-B)

Endorsement Application Form

To

Chairman

Yangon Region Investment Committee

Reference No. : NGL / MIC / 2018 ( )

Date.

I do apply for the endorsement in accordance with the Section 37 of the Myanmar Investment Law by furnishing the following particulars:

Particulars:-

1. The Investor's:-

(a) Name	: U Nay Soe Htike
(b) Company Registration No/ID No/ National Registration Card No/Passport	: 10/Pa Ma Na (Naing)009250
(c) Citizenship	: Myanmar
(d) Address /Address of Registered Office	: No – 98 , Khayay Pin Yeik Mon (1) Street, Chit Te Kone , Mingalardone Township.
(e) Phone/Fax/E-mail	: 0943180881 , nayhtetthar@gmail.com
(f)Type of Business (to describe in detail)	: manufacturing of Garment on CMP basis.

Note: The following documents need to be attached according to the above paragraph(1):-

(1) Company Registration Certificate (copy);
(2) ID No/National Registration Card (copy) and Passport (copy);

2. If the investor don't apply for endorsement by himself/herself ,the application;

(a) Name	:Nil
(b) Name of contact person (if applicant is business organization)	:Nil

Note: describe with attachment of letter of legal representative

(c) ID No./National Registration Card No. /Passport No.	:Nil
(d) Citizenship	:Nil
(e) Address in Myanmar;	:Nil

ကတိဝန်ခံချက်

အထက်ဖော်ပြပါ လျှောက်ထားသူမှ ပေးအပ်သည့် အချက်အလက်များအားလုံးသည် မှန်ကန်မှု ရှိပါကြောင်း အာမခံပါသည်။

ဤအတည်ပြုလျှောက်ထားလွှာတွင် အတည်ပြုမိန့် ထုတ်ပေးရန်အတွက် ကော်မရှင်မှ စီစစ်ရာ၌ လိုအပ်သည့် အချက်များကို လျှောက်ထားသူကပေးအပ်ရန် ပျက်ကွက်ပါက အတည်ပြု လျှောက်ထားလွှာကို ငြင်းပယ်ခြင်း သို့မဟုတ် စီစစ်ရာ၌ မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း ကောင်းစွာ သဘောပေါက် နားလည်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ချမှတ်မည့် စည်းမျဉ်း စည်းကမ်းများကိုလည်း လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လျှောက်ထားသူလက်မှတ်

အမည် ဦးနေစိုးထိုက်

ရာထူး မန်နေးဂျင်းဒါရိုက်တာ

ဌာန / ကုမ္ပဏီ တံဆိပ်

NAY SOE HTIKE
MANAGING DIRECTOR
NEW GREEN LAND GARMENT CO., LTD.

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရှိ တပ်မတော်ပိုင်မြေ(၅၆၀.၀၆)ဧကအား နှစ်ရှည်ငှားရမ်းခြင်း နှစ်ဘက်သဘောတူစာချုပ်

နိဒါန်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ပျဉ်းမပင်ရှိ တပ်မတော်ပိုင် ပျဉ်းမပင်စက်မှုနယ်မြေ (၅၆၀. ၀၆) ဧကအား မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ နှစ်ရှည်မြေငှားရမ်းခြင်းအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ထောက်ချုပ်ရုံး (နောင်တွင်အငှားချထားခြင်းခံရသူဟုခေါ်တွင်မည်ဖြစ်ပြီး ယင်းစကားရပ်တွင် စစ်ထောက်ချုပ်ရုံး၏ တရားဝင်လွှဲအပ်ခြင်းခံရသူများအားလုံး ပါဝင်စေရမည်)နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ကိုယ်စားလှယ် (နောင်တွင် အငှားချထားခြင်းခံရသူဟုခေါ်တွင်မည်ဖြစ်ပြီး ယင်းစကားရပ်တွင် ၎င်း၏သဘောတူညီချက်ဖြင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆက်လက်ကျင့်သုံးသည့် ကိုယ်စားလှယ်များပါဝင်စေရမည်)တို့သည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို သဘောတူညီကြောင်း ၂၀၁၃ ခုနှစ်၊ ဧပြီလ(၁) ရက်နေ့တွင် နေပြည်တော်၌ နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုကြပါသည်။

ငှားရမ်းမည့်မြေ

၂။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရှိ တပ်မတော်ပိုင် ပျဉ်းမပင်စက်မှုနယ်မြေ (၅၆၀. ၀၆)ဧကအား ငှားရမ်းခြင်း ။

ငှားရမ်းမည့်ကာလ

၃။ ငှားရမ်းမည့်ကာလမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရှိ တပ်မတော်ပိုင် ပျဉ်းမပင်စက်မှုနယ်မြေ (၅၆၀. ၀၆)ဧကအား (၁-၄-၂၀၂၀)မှ(၃၁-၃-၂၀၈၀)ထိ သက်တမ်းကာလ(၆၀)နှစ်တိတိ ငှားရမ်းပါသည်။

(ခ) ငှားရမ်းကာလ (၆၀)နှစ်ပြည့်မြောက်ကုန်ဆုံးပြီးနောက် မြေနေရာငှားရမ်းသူမှ ဆက်လက်ငှားရမ်းလိုပါက (၆)လကြိုတင်၍ ယခင်ချုပ်ဆိုခဲ့သည့် စာချုပ်အား ညှိနှိုင်းပြင်ဆင်သတ်မှတ်ပြီး၊ ငှားရမ်းသူသို့ ဦးစားပေးငှားရမ်းမည် ။

(ဂ) ငှားရမ်းအသုံးပြုစဉ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ငှားရမ်းနိုင်ခြင်းမရှိပါက (၆)လကြိုတင်၍ အကြောင်းကြားရမည် ။

ငှားရမ်းခနှုန်းထားသတ်မှတ်ခြင်း

၄။ ငှားရမ်းခနှုန်းထားအား အောက်ပါအတိုင်းသတ်မှတ်ပါသည် -

(က) ငှားရမ်းမှုကို စတင်သတ်မှတ်ထားသည့်နေ့မှစ၍ (၁)နှစ်လျှင် တစ်ကျပ်(၁,၀၀၀ိ/-) (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် သတ်မှတ်သည်။

(ခ) မြေငှားရမ်းခြင်းအား ပိုင်ရှင်မှ အကြောင်းတစ်စုံတစ်ရာကြောင့် ရပ်နားစေပါက ၎င်းကာလအတွင်း ငှားရမ်းခပေးချေရန်မလိုဘဲ၊ အသုံးပြုသည့်ကာလအတွက်သာ ငှားရမ်းသူမှ ပေးသွင်းရမည် ။

၆။ မတည်ငွေရင်း နှင့် သက်ဆိုင်သည့် အချက်အလက်များ-

		Kyat (သန်းပေါင်း)
(က)	ပြည်တွင်းမှ ထည့်ဝင်သည့် မတည်ငွေရင်း ပမာဏ / ရာခိုင်နှုန်း	Kyat 2,000 Million
(ခ)	နိုင်ငံခြားမှယူဆောင်လာသည့် မတည်ငွေရင်း ပမာဏ / ရာခိုင်နှုန်း	-
	စုစုပေါင်း	Kyat 2,000 Million

၇။ (တ) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် သက်တမ်း — ကနဦး ၃၀ နှစ် နှင့် ၅ နှစ်သက်တမ်းတိုး ၂ ကြိမ်

၈။ ဆောင်ရွက်မည့် စီးပွားရေး အဖွဲ့အစည်းနှင့် သက်ဆိုင်သော အချက်အလက်များ -

(က)	ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ(များ)/ တည်နေရာ	အကွက် အမှတ် - ၄၄ (အေ) ၊ အမှတ် (၃) လမ်း ၊ ပျဉ်းမပင် စက်မှုနယ်မြေ ၊ မင်္ဂလာဒုံ မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။
(ခ)	ရင်းနှီးမြှုပ်နှံမှု တန်ဖိုး / ပမာဏ	Kyat 2,000 Million

၉။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက် ၊ လိုင်စင် ၊ ပါမစ် စသည်တို့ ရရှိပြီးပါက ပူးတွဲ တင်ပြရန်။

၁၀။ လုပ်ငန်းစတင်ဆောင်ရွက်နေခြင်း ☐ ရှိ ၊ ☒ မရှိ

ရှိပါက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ဖော်ပြပေးရန်

၁၁။ အတည်ပြုလျှောက်ထားလွှာနှင့်အတူ အောက်ဖော်ပြပါ လျှောက်ထားလွှာများကို တင်ပြလျှောက်ထားရှိ/မရှိ ဖော်ပြရန်။

☒ မြေအသုံးပြုခွင့် လျှောက်ထားလွှာ

☒ အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်လျှောက်ထားလွှာ

(ဃ) နိုင်ငံသား Nil

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့်နေရပ်လိပ်စာ Nil

(စ) တယ်လီဖုန်း /ဖက်စ်

(ဆ) အီးမေးလ်လိပ်စာ

မှတ်ချက်။ ။တရားဝင်ကိုယ်စားလှယ်လွှဲစာ ပူးတွဲတင်ပြရန်

၃။ ဖွဲ့စည်းမည့်စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဌာန်

☒ ရာခိုင်နှုန်းပြည့် ☐ ဖက်စပ်ပြုလုပ်ခြင်း(ဖက်စပ်စာချုပ်မူကြမ်းတင်ပြရန်)

☐ အခြားသောသဘောတူညီချက်ပုံစံ တစ်မျိုးမျိုးဖြင့်ဆောင်ရွက်ခြင်း (စာချုပ်မူကြမ်းတင်ပြရန်)

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ၏အစုရှယ်ယာပိုင်ဆိုင်မှုအချိုး - ၁၀၀%

အစိုးရဌာန၊အစိုးရအဖွဲ့အစည်း၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး -

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး

၄။ အစုရှယ်ယာ ၁၀% နှုန်းနှင့် အထက်ပိုင်ဆိုင်သော အစုရှယ်ယာရှင်များစာရင်း

စဉ်	အစုရှယ်ယာရှင်အမည်	နိုင်ငံသား	အစုရှယ်ယာ ပိုင်ဆိုင်မှု%
၁	ဦးနေစိုးထိုက်	မြန်မာ	၉၉. ၈%
၂	ဒေါ်သီတာငြိမ်း	မြန်မာ	၀. ၂%

၅။ ကုမ္ပဏီ ဖွဲ့စည်းခြင်းနှင့် သက်ဆိုင်သော အချက်အလက်များ

(က) ခွင့်ပြုမတည်ငွေရင်း - ကျပ် သန်းငါးရာ တိတိ

(ခ) အစုရှယ်ယာအမျိုးအစား - Ordinary Share (အစုရှယ်ယာတစ်စု တန်ဖိုး ကျပ် တစ်သိန်းတိတိ)

(ဂ) အစုရှယ်ယာဝင်များက ထည့်ဝင်မည့် အစုရှယ်ယာ ပမာဏ - အစုရှယ်ယာ ၂၀၀၀၀ စု

မှတ်ချက်။ ။ သင်းဖွဲ့မှတ်တမ်း / သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ကုမ္ပဏီ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း ပူးတွဲတင်ပြရန်။

ပုံစံ (၄ - ခ)

အတည်ပြု လျှောက်ထားလွှာ

သို့
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ

စာအမှတ် ။ ။ NGL /MIC/2018(   )
ရက်စွဲ ။ ။

ကျွန်တော် / ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၃၇ နှင့် အညီ အောက်ဖော်ပြပါ အချက်များအား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထား အပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က)	အမည်	ဦးနေစိုးထိုက်
(ခ)	ကုမ္ပဏီမှတ်ပုံတင်အမှတ်သို့မဟုတ်ရင်းနှီးမြှုပ်နှံသူ၏နိုင်ငံသားစီစစ်ရေးကဒ်အမှတ်/နိုင်ငံကူးလက်မှတ် အမှတ်	၁၀/ပမန (နိုင်) ၀၀၉၂၅၀
(ဂ)	နိုင်ငံသား	မြန်မာ
(ဃ)	နေရပ်လိပ်စာ/မှတ်ပုံတင်ထားသည့် ကုမ္ပဏီလိပ်စာ	အမှတ် - (၉၈) ၊ ခရေပင်ရိပ်မွန် (၁) လမ်း ၊ ချစ်တီးကုန်း ၊ မင်္ဂလာဒုံမြို့နယ် ၊ ရန်ကုန်မြို့။
(င)	တယ်လီဖုန်း /ဖက်စ်/အီးမေးလ်လိပ်စာ	0943180881 , nayhtetthar@gmail.com
(စ)	လုပ်ငန်းအမျိုးအစား(အသေးစိတ်ဖော်ပြရန်)	CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း

မှတ်ချက်။ ။အောက်ပါအချက်များပူးတွဲတင်ပြရန်-
(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားမိတ္တူ
(၂) နိုင်ငံသားစီစစ်ရေးကတ်မိတ္တူ နှင့် နိုင်ငံကူးလက်မှတ်မိတ္တူ

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင်လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏

(က)	အမည်	Nil
(ခ)	ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် (လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်း ဖြစ်ပါက)	Nil
(ဂ)	နိုင်ငံသားစီစစ်ရေးကဒ်အမှတ်/ နိုင်ငံကူးလက်မှတ် အမှတ်	Nil

သို့
ဥက္ကဋ္ဌ

အတည်ပြုလျှောက်ထားလွှာ

.... တိုင်းဒေသကြီး / ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

စာအမှတ် ၊

ရက်စွဲ ၂၀ ခုနှစ်၊ လ ရက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၇ နှင့်အညီ အောက်ဖော်ပြပါ အချက်များအား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က) အမည် ....

(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ် သို့မဟုတ် ....
ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား ....
အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ....

(ဂ) နိုင်ငံသား ....

(ဃ) နေရပ်လိပ်စာ/ မှတ်ပုံတင်ထားသည့်ကုမ္ပဏီလိပ်စာ ....
....

(င) တယ်လီဖုန်း /ဖက်စ် / အီးမေးလ်လိပ်စာ ....

(စ) လုပ်ငန်းအမျိုးအစား (အသေးစိတ်ဖော်ပြပေးရန်) ....

မှတ်ချက်။ အောက်ပါအချက်များကိုပူးတွဲတင်ပြရန်-

(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားမိတ္တူ

(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့်နိုင်ငံကူးလက်မှတ်မိတ္တူ

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏ -

(က) အမည် ....

(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် ....
(လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ....

(ဃ) နိုင်ငံသား ....

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့်နေရပ်လိပ်စာ ....
....

NEW GREEN LAND GARMENT CO.,LTD.
.... Myanmar ....

NEW GREEN LAND GARMENT CO.,LTD.
No. ....
Date ....

သို့

ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ
ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ( )ရက်။

အကြောင်းအရာ။ ။ New Green Land Garment Co.,Ltd မှ အကွက် အမှတ် - ၄၄ (အေ)၊ အမှတ် (၃) လမ်း ၊ ပျဉ်းမပင် စက်မှုနယ်မြေ ၊ မင်္ဂလာဒုံ မြို့နယ် ၊ ရန်ကုန်တိုင်း ဒေသကြီးတွင် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းအားရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြခြင်း ကိစ္စရပ်နှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အစီအစဉ်။

၁။ စက်ရုံ ပတ်ဝန်းကျင် အရိပ်ရ သစ်ပင် ၊ ပန်းပင်များကို စနစ်တကျစိုက်ပျိုးပေးသွားမည်ဖြစ်ပါသည်။

၂။ စက်ရုံမှ ထွက်ရှိလာသော အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ကာ စွန့်ပစ်သွားမည်ဖြစ်ပါသည်။

၃။ ကျွန်တော်တို့ ကုမ္ပဏီ အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပွားစေရန်အတွက်လိုအပ်သောအစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

NAY SOE HTIKE
MANAGING DIRECTOR
NEW GREEN LAND GARMENT CO., LTD.

No.44, No(3) Road, Pyinmabin Industrial Zone, Htauk Kyunt, Mingalardon Township, Yangon, Myanmar.
Tel : +95 9 42110 4437, +95 9 25928 9267 , Email : nayhtetthar@gmail.com, Website : nglgarment.com

NEW GREEN LAND GARMENT CO.,LTD.
.... Myanmar ....

သို့

ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ
ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ( )ရက်။

အကြောင်းအရာ။ ။ New Green Land Garment Co.,Ltd မှ အကွက် အမှတ် - ၄၄ (အေ) ၊ အမှတ် (၃) လမ်း ၊ ပျဉ်းမပင် စက်မှုနယ်မြေ ၊ မင်္ဂလာဒုံ မြို့နယ် ၊ ရန်ကုန်တိုင်း ဒေသ ကြီးတွင် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းအား ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြခြင်း ကိစ္စရပ်နှင့် စပ်လျဉ်း၍ မီးဘေးကာကွယ်မှု အစီအစဉ်ကို တင်ပြခြင်း။

၁။ စက်ရုံမီးဘေးကာကွယ်ရေးအတွက် ရေလှောင်ကန်များအတွင်း ရေအမြဲအပြည့်ရှိနေစေခြင်း၊ မီးသတ်ပိုက်များ အမြဲကောင်း မွန်နေစေခြင်း၊ မီးဘေးကြိုတင်အချက်ပေးစနစ်များ တပ်ဆင်ထားရှိခြင်း၊ အဆောက် အဦ ပတ်ဝန်းကျင်သစ်ရွက်ခြောက်များ မရှိစေခြင်း၊ လုပ်ငန်းသုံးစက်ဆီ၊ ချောဆီများ စနစ်တကျ ထိန်းသိမ်း ထားရှိစေခြင်း၊ မီးခလုတ်များ မလိုအပ်သည့်အချိန်တွင် သေချာစွာပိတ်ထား စေခြင်း၊စသည်ဖြင့် ဆောင်ရွက် ထားပါမည်။

၂။ စက်ရုံတွင်လည်း မီးဘေးကာကွယ်ရေး သင်တန်းများ ၊ ဟောပြောပွဲများကိုလည်း သက်ဆိုင်ရာမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဝန်ထမ်းများအား မီးဘေးကာကွယ်ရေး နှင့် သက်ဆိုင်သော သင်တန်းများသို့လည်း စေလွှတ်တက်ရောက်စေပါမည်။

၃။ စက်ရုံတွင်လည်း နေ့အချိန် ၊ ညအချိန်များတွင်လည်း မီးကင်းစောင့် ဝန်ထမ်းများလည်း ခန့်အပ်သွားမည်ဖြစ်ပါသည်။ ဆေးလိပ်သောက်သည့် ဝန်ထမ်းများအတွက်လည်း နေရာ စနစ်တကျ ထားရှိပေးသွားမည်ဖြစ်ပါသည်။

၄။ ထို့အပြင် စက်ရုံမီးဘေးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မြို့နယ်မီးသတ်ဦးစီးဌာနမှ လမ်းညွှန်ချက်များအတိုင်း အတိအကျ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

NAY HTET THE
MANAGING DIRECTOR
NEW GREEN LAND GARMENT CO., LTD.

No.44, No(3) Road, Pyinmabin Industrial Zone, Htauk Kyunt, Mingalardon Township, Yangon, Myanmar.
Tel : +95 9 42110 4437, +95 9 25928 9267 , Email : nayhtetthar@gmail.com, Website : nglgarment.com

NEW GREEN LAND GARMENT CO.,LTD.

.... Myanmar ....

သို့

ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ
ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ( )ရက်။

အကြောင်းအရာ။ ။ **New Green Land Garment Co.,Ltd** မှ အတွက် အမှတ် - ၄၄ (အေ) ၊ အမှတ် (၃) လမ်း ၊ ပျဉ်းမပင် စက်မှုနယ်မြေ ၊ မင်္ဂလာဒုံ မြို့နယ် ၊ ရန်ကုန်တိုင်း ဒေသကြီးတွင် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းအားရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြခြင်း ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဝန်ထမ်းသက်သာ ချောင်ချိရေး အစီအစဉ်။

၁။ ဤရင်းနှီးမြှုပ်နှံမှု မှ ဝန်ထမ်း ၁၀၀၀ ကျော်ကို ဘဝလုံခြုံမှုရှိသည့် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေး နိုင်မည်ဖြစ်ပါသည်။

၂။ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် လူမှုဖူလုံရေး ဥပဒေ အရ ခံစားခွင့်များခံစားနိုင်ခွင့် နှင့် ကုမ္ပဏီအစီအစဉ်ဖြင့်လည်း သက်သာချောင်ချိရေးအစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ဝန်ထမ်းများ၏ သွားလာရေးလွယ်ကူစေရန် အတွက် ဝန်ထမ်း ကြို / ပို့ ယာဉ်များ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ ထို့အပြင် ကုမ္ပဏီ အစီအစဉ် အရ ဝန်ထမ်းများ၏ ကျန်းမာရေး၊ သာရေးနာရေးနှင့် ဝန်ထမ်းသားသမီးများ၏ ပညာရေးကို ထိရောက်စွာ ထောက်မ၊ ပံ့ပိုးနိုင်သည့် အစီအစဉ်များဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းတင်ပြပါသည်။

လေးစားစွာဖြင့်

No.44, No(3) Road, Pyinmabin Industrial Zone, Htauk Kyunt, Mingalardon Township, Yangon, Myanmar.
Tel : +95 9 42110 4437, +95 9 25928 9267 , Email : nayhtetthar@gmail.com, Website : nglgarment.com

NAY SOE HTIKE
MANAGING DIRECTOR
NEW GREEN LAND GARMENT CO., LTD.

(၄) အမှန်တကယ်လိုအပ်၍ဆောင်ရွက်သည့် လုပ်ငန်းဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ကို အခွန်စည်းကြပ်ထိုက်သောငွေမှ နှုတ်ပယ်ခွင့်၊

(၅) ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားပြီး၊ တစ်ဆက်တည်း နှစ်နှစ် အတွင်းအမှန်တကယ် ပေါ်ပေါက်သည့် အရှုံးငွေကို ယင်းသို့အရှုံးပေါ်ပေါက်သည့်နှစ်မှ စ၍တစ်ဆက်တည်း သုံးနှစ်အထိ သယ်ယူခုနှိမ်ခွင့်၊

(၆) လုပ်ငန်းတည်ဆောက်မှုကာလအတွင်းအမှန်တကယ်အသုံးပြုရန်လိုအပ်၍တင်သွင်း သောယာဉ်၊ ယန္တရား၊ စက်ပစ္စည်း၊စက်ကရိယာတန်ဆာပလာ၊ အသုံးအဆောင်အစိတ်အပိုင်း၊ စက်အရန် ပစ္စည်း၊ လုပ်ငန်းသုံး ပစ္စည်းများပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်းအခွန်အကောက်များဖြစ်စေ၊ နှစ်မျိုးလုံးကို ဖြစ်စေ ကင်းလွတ် ခွင့် သို့မဟုတ် သက်သာခွင့်၊

(၇) ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ပြီး မူလရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ခွင့်ပြုထားသည့် သက်တမ်းကာလအတွင်းအမှန်တကယ်အသုံးပြုရန်လိုအပ်၍တင်သွင်းသော ယာဉ်၊ယန္တရား၊စက်ပစ္စည်း၊စက်ကရိယာတန်ဆာပလာ၊အသုံးအဆောင်အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ လုပ်ငန်းသုံး ပစ္စည်းများပေါ်တွင် အကောက်ခွန်ဖြစ်စေ၊ အခြားပြည်တွင်း အခွန်အကောက် များဖြစ်စေ၊ နှစ်မျိုးလုံးကို ဖြစ်စေ ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်။

လေးစားစွာဖြင့်

NAY SOE HTIKE
MANAGING DIRECTOR
NEW GREEN LAND GARMENT CO., LTD.

NEW GREEN LAND GARMENT CO.,LTD.

.... Myanmar ....

No..............
Date............

သို့

ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ
ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ( )ရက်။

အကြောင်းအရာ။ ။ **New Green Land Garment Co.,Ltd** မှ အကွက် အမှတ် - ၄၄ (အေ) ၊ အမှတ် (၃) လမ်း ၊ ပျဉ်းမပင် စက်မှုနယ်မြေ ၊ မင်္ဂလာဒုံ မြို့နယ် ၊ ရန်ကုန်တိုင်း ဒေသကြီးတွင် **CMP** စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းအား ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြခြင်း ကိစ္စရပ်နှင့် စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များ လျှောက်ထားခြင်း။

New Green Land Garment Co.,Ltd သည် အကွက် အမှတ် - ၄၄ (အေ) ၊ အမှတ် (၃) လမ်း ၊ ပျဉ်းမပင် စက်မှုနယ်မြေ ၊ မင်္ဂလာဒုံ မြို့နယ် ၊ ရန်ကုန် တိုင်းဒေသကြီးရှိ မြေဧရိယာ (၉. ၀၃၇ ဧက)ပေါ်တွင် **CMP** စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ် လုပ်ခြင်းလုပ်ငန်းအား ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အခွန်အကောက်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို အောက်ပါအတိုင်း လျှောက်ထားအပ်ပါသည်။

(၁) လုပ်ငန်းစီးပွါးဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃) နှစ် အထိဝင်ငွေခွန် ကင်းလွတ်ခွင့်၊

(၂) ဤလုပ်ငန်းအား နိုင်ငံတော်မှ အထူးလိုအပ်သော လုပ်ငန်းဖြစ်သည်ဟု သတ်မှတ်ပါက ကော်မရှင်မှ ထပ်မံ သတ်မှတ် ပေးသည့် ကင်းလွတ်ခွင့်နှင့် သက်သာခွင့်၊

(၃) လုပ်ငန်းတွင် ရရှိသည့် အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံရန် အတွက်သီးသန့်ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်၊

No.44, No(3) Road, Pyinmabin Industrial Zone, Htauk Kyunt, Mingalardon Township, Yangon, Myanmar.
Tel : +95 9 42110 4437, +95 9 25928 9267 , Email : nayhtetthar@gmail.com, Website : nglgarment.com

NEW GREEN LAND GARMENT CO.,LTD.
.... Myanmar ....

သို့

ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ
ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ( )ရက်။

အကြောင်းအရာ။ ။ New Green Land Garment Co.,Ltd မှ အကွက် အမှတ် - ၄၄ (ဓေ) ၊ အမှတ် (၃) လမ်း ၊ ပျဉ်းမပင် စက်မှုဇုန်မြေ ၊ မင်္ဂလာဒုံ မြို့နယ် ၊ ရန်ကုန်တိုင်းဒေသ ကြီးတွင် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းအား ရာနှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြ ခြင်းကိစ္စရပ်နှင့် Corporate Social Responsibility အစီအစဉ် တင်ပြခြင်း။

New Green Land Garment Co.,Ltd သည် နှစ်စဉ် ရရှိသော အမြတ်ငွေထဲမှ ၂% အား Corporate Social Responsibility Fund အဖြစ် ထားရှိသွားမည်ဖြစ်ပါသည် ။ ယင်း Fund ထဲမှ

(၁) ၅၀% အား ဝန်ထမ်းများအား စက်ချုပ် ပညာလေ့ကျင့်ပေးမည့် နေရာတွင် အသုံးပြုသွားပါမည်။

(၂)၃၀% အား ဝန်ထမ်းများ နှင့် မိသားစုများ၏ သာရေး နာရေးများတွင် ထောက်ပံ့ပေးသွားပါမည်။

(၃)၂၀% အား စက်ရုံ တည်ရှိရာ မြို့နယ်၏ စာသင်ကျောင်းများအား လှူဒါန်းသွားမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

NAY SOE HTIKE
MANAGING DIRECTOR
NEW GREEN LAND GARMENT CO., LTD.

No.44, No(3) Road, Pyinmabin Industrial Zone, Htauk Kyunt, Mingalardon Township, Yangon, Myanmar.
Tel : +95 9 42110 4437, +95 9 25928 9267 , Email : nayhtetthar@gmail.com, Website : nglgarment.com

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

စစ်ထောက်ချုပ်ရုံး

နှင့်

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်

တို့၏

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ

ပျဉ်းမပင်စက်မှုနယ်မြေ(၂၆၀.၀၆)ကေအား

နှစ်ရှည်ငှားရမ်းခြင်းသဘောတူစာချုပ်

နေရာ၊ နေ ပြည် တော် ။
ရက်စွဲ၊ ၁ - ၄ - ၂၀၁၃ ။

အဆိုပြုလုပ်ငန်းဆောင်ရွက်မည့် မြေနေရာ အား မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်ထံမှ ငှားရမ်းထားပြီး မြေဧရိယာ အကျယ်အဝန်းမှာ ၉. ၀၃၇ ဧက (၃၆၅၇၂. ၉၆၇ စတုရန်းမီတာ) ဖြစ်ပါသည်။ တစ်နှစ်လျှင် မြေနှင့် အဆောက်အဦး ငှားရမ်းခမှာ ကျပ် (၁၂၉,၀၃၀,၀၀၀) ဖြစ်ပါသည်။ တစ်နှစ်လျှင် တစ်စတုရန်းမီတာအတွက် ကျပ် (၃၅၂၈) ဖြင့် ငှားရမ်းအသုံးပြုသွားမည် ဖြစ်ပါသည်။

New Green Land Garment Co.,Ltd ၏ အဓိက **Supplier** များမှာ **Brain Casting / Moririn** နှင့် **Long Yong** တို့ဖြစ်ပြီး **Dunlop , Athleta , Helly Hansen , Gold Win , Rawlings , Ellessee** စသည့် အမှတ်တံဆိပ်များကို ချုပ်လုပ်သွားမည်ဖြစ်ပါသည်။ ချုပ်လုပ်မည့်အထည်များမှာ **Jacket , Coat, Vest, Pant, Shirt, Polo Shirt, T Shirt**တို့ကို ချုပ်လုပ်သွားမည်ဖြစ်ပါသည်။ ကုန်ချောများအား အဓိကအားဖြင့် ဂျပန်နိုင်ငံသို့ တင်ပို့သွား မည်ဖြစ်ပါသည်။

New Green Land Garment Co.,Ltd သည် **CMP** စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းဖြစ်သည့်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းထိခိုက်မှု မရှိနိုင်ပါ။ သို့သော် ပတ်ဝန်းကျင်ညစ်ညမ်း ထိခိုက်မှုမရှိစေရန်အတွက်လည်း လုံလောက်သည့် အစီအမံများ ဆောင်ရွက်ထားရှိ သွားမည်ဖြစ်ပြီး မီးဘေးကာကွယ်ရေးအတွက် လုံလောက်သော အစီအမံများကို ဆောင်ရွက်ထားရှိသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ **New Green Land Garment Co.,Ltd** ၏ **CMP** စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ် လုပ်ခြင်းလုပ်ငန်းအား ရန်ကုန်မြို့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ပြုပါရန်အတွက် အောက်ပါပူးတွဲစာရွက်စာတမ်းများဖြင့် တင်ပြလျှောက်ထားအပ်ပါသည်။

(၁) အတည်ပြုလျှောက်လွှာ ဖြည့်စွက် တင်ပြပေးခြင်း
(၂) မြေအသုံးပြုခွင့်လျှောက်လွှာ ဖြည့်စွက် တင်ပြပေးခြင်း
(၃) အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ဖြည့်စွက် တင်ပြပေးခြင်း
(၄) ဘဏ္ဍာရေးဆိုင်ရာ စီစစ်တွက်ချက်မှုများ
(၅) မြေနှင့် အဆောက်အဦး ငှားရမ်းခြင်းဆိုင်ရာ သဘောတူစာချုပ် (မူကြမ်း)
(၆) ငွေကြေးအထောက်အထားများ
(၇) ထုတ်လုပ်မည့် ထုတ်ကုန်များ၏ ဓါတ်ပုံများ
(၈) ကုမ္ပဏီဆိုင်ရာအထောက်အထားများ

လေးစားစွာဖြင့်

NAY SOE HTIKE
MANAGING DIRECTOR
NEW GREEN LAND GARMENT CO., LTD.

No.......... Date ....

သို့

ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ
ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (   )ရက်။

အကြောင်းအရာ။ ။ New Green Land Garment Co.,Ltd မှ အကွက် အမှတ် - ၄၄ (အေ) ၊ အမှတ် (၃) လမ်း ၊ ပျဉ်းမပင် စက်မှုနယ်မြေ ၊ မင်္ဂလာဒုံ မြို့နယ် ၊ ရန်ကုန်တိုင်း ဒေသကြီးတွင် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်း လုပ်ငန်းအား ရာနှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြခြင်းကိစ္စ။

New Green Land Garment Co.,Ltd သည် အကွက် အမှတ် - ၄၄ (အေ) ၊ အမှတ် (၃) လမ်း ၊ ပျဉ်းမပင် စက်မှုနယ်မြေ ၊ မင်္ဂလာဒုံ မြို့နယ် ၊ ရန်ကုန် တိုင်းဒေသကြီးရှိ မြေဧရိယာ (၉. ၀၇၇ ဧက)ပေါ်တွင် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ် လုပ်ခြင်းလုပ်ငန်းအား ရာနှုန်းပြည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့် ရရှိရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီသို့ အဆိုပြု တင်ပြရခြင်းဖြစ် ပါသည်။

New Green Land Garment Co.,Ltd သည် ကုမ္ပဏီ မှတ်ပုံတင်အမှတ် - ၅၅၃ /၂၀၀၇ - ၂၀၀၈ (၁၂. ၉. ၂၀၀၇) ဖြင့် ရရှိခဲ့ပါသည်။အစုရှယ်ယာရှင် ဒါရိုက်တာများအနေဖြင့် ဦးနေစိုးထိုက် မှ အစုရှယ်ယာ၏ ၉၉. ၈% နှင့် ဒေါ်သီတာငြိမ်းမှ အစုရှယ်ယာ၏ ၀. ၂ % ဖြင့် (၂၀၁၆ - ၂၀၁၇) ဘဏ္ဍာရေးနှစ်ချုပ်အစီရင်ခံစာအရ စက်နှင့် စက် ပစ္စည်း နှင့် ရုံးလုပ်ငန်းသုံးပစ္စည်း တန်ဖိုး စုစုပေါင်း ကျပ် သန်း (၇၇. ၄၀၉) ထည့်ဝင်ပြီးဖြစ်ပါသည်။ New Green Land Garment Co.,Ltd ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်ရရှိပြီးသည့်အချိန်မှစ၍ အထည်ချုပ်လုပ်ငန်းအား Sub Contract စနစ်ဖြစ် စတင်ဆောင်ရွက်ခဲ့ပါသည်။ယခုအခါ New Green Land Garment Co.,Ltd သည် ပြည်ပမှ အထည် အပ်နှံသူများနှင့် တိုက်ရိုက်ဆက်သွယ်မှုများ ရရှိခဲ့သည့်အတွက် လုပ်ငန်းအား ထပ်မံတိုးချဲ့ရန် နှင့် ဝန်ထမ်း များ ပိုမို ခန့်အပ်ရန်လိုအပ်ခဲ့ပါသည်။ကုမ္ပဏီမှ အဆိုပြုလုပ်ငန်းအား ဆောင်ရွက်ရန်အတွက် စုစုပေါင်း ရင်းနှီး မြှုပ်နှံမှု ပမာဏမှာ ပြည်ပမှတင်သွင်းမည့် တန်ဖိုးများအပါအဝင် ကျပ်သန်း(၂၀၀၀) ရင်းနှီးမြှုပ်နှံသွား မည်ဖြစ်ပါသည်။ ဝန်ထမ်းအင်အား အနေဖြင့် ပြည်တွင်း ဝန်ထမ်း (၁၀၆၈)ဦး နှင့် ပြည်ပ ကျွမ်းကျင် ပညာရှင် (၇)ဦး ခန့်အပ်သွားမည်ဖြစ်ပါသည်။

No.44, No(3) Road, Pyinmabin Industrial Zone, Htauk Kyunt, Mingalardon Township, Yangon, Myanmar.
Tel : +95 9 42110 4437, +95 9 25928 9267 , Email : nayhtetthar@gmail.com, Website : nglgarment.com

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရှိ
တပ်မတော်ပိုင်မြေ(၅၆၀.၀၆)ကေအား နှစ်ရှည်ငှားရမ်းခြင်း နှစ်ဘက်သဘောတူစာချုပ်

နိဒါန်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ပျဉ်းမပင်ရှိ တပ်မတော်ပိုင် ပျဉ်းမပင်စက်မှုနယ်မြေ (၅၆၀. ၀၆) ကေအား မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ နှစ်ရှည်မြေငှားရမ်းခြင်းအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ထောက်ချုပ်ရုံး (နောင်တွင်အငှားချထားခြင်းခံရသူဟုခေါ်တွင်မည်ဖြစ်ပြီး ယင်းစကားရပ်တွင် စစ်ထောက်ချုပ်ရုံး၏ တရားဝင်လွှဲအပ်ခြင်းခံရသူများအားလုံး ပါဝင်စေရမည်)နှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ ကိုယ်စားလှယ် (နောင်တွင် အငှားချထားခြင်းခံရသူဟုခေါ်တွင်မည်ဖြစ်ပြီး ယင်းစကားရပ်တွင် ၎င်း၏သဘောတူညီချက်ဖြင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆက်လက်ကျင့်သုံးသည့် ကိုယ်စားလှယ်များပါဝင်စေရမည်)တို့သည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို သဘောတူညီကြောင်း ၂၀၁၃ ခုနှစ်၊ အေပြီလ(၁) ရက်နေ့တွင် နေပြည်တော်၌ နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုကြပါသည်။

ငှားရမ်းမည့်မြေ

၂။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရှိ တပ်မတော်ပိုင် ပျဉ်းမပင်စက်မှုနယ်မြေ (၅၆၀. ၀၆)ကေအား ငှားရမ်းခြင်း ။

ငှားရမ်းမည့်ကာလ

၃။ ငှားရမ်းမည့်ကာလမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရှိ တပ်မတော်ပိုင် ပျဉ်းမပင်စက်မှုနယ်မြေ (၅၆၀. ၀၆)ကေအား (၁-၄-၂၀၂၀)မှ(၃၁-၃-၂၀၈၀)ထိ သက်တမ်းကာလ(၆၀)နှစ်တိတိ ငှားရမ်းပါသည်။

(ခ) ငှားရမ်းကာလ (၆၀)နှစ်ပြည့်မြောက်ကုန်ဆုံးပြီးနောက် မြေနေရာငှားရမ်းသူမှ ဆက်လက်ငှားရမ်းလိုပါက (၆)လကြိုတင်၍ ယခင်ချုပ်ဆိုခဲ့သည့် စာချုပ်အား ညှိနှိုင်းပြင်ဆင်သတ်မှတ်ပြီး၊ ငှားရမ်းသူသို့ ဦးစားပေးငှားရမ်းမည် ။

(ဂ) ငှားရမ်းအသုံးပြုစဉ်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်ငှားရမ်းနိုင်ခြင်းမရှိပါက (၆)လကြိုတင်၍ အကြောင်းကြားရမည် ။

ငှားရမ်းခနှုန်းထားသတ်မှတ်ခြင်း

၄။ ငှားရမ်းခနှုန်းထားအား အောက်ပါအတိုင်းသတ်မှတ်ပါသည် -

(က) ငှားရမ်းမှုကို စတင်သတ်မှတ်ထားသည့်နေ့မှစ၍ (၁)နှစ်လျှင် တစ်ကေကျပ်(၁,၀၀၀ိ/-) (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် သတ်မှတ်သည်။

(ခ) မြေငှားရမ်းခြင်းအား ပိုင်ရှင်မှ အကြောင်းတစ်စုံတစ်ရာကြောင့် ရပ်နားစေပါက ၎င်းကာလအတွင်း ငှားရမ်းခပေးချေရန်မလိုဘဲ၊ အသုံးပြုသည့်ကာလအတွက်သာ ငှားရမ်းသူမှ ပေးသွင်းရမည် ။

နောက်ဆက်တွဲများ

၄၂။ ဤစာချုပ်တွင်ပါရှိသော အောက်ဖော်ပြပါနောက်ဆက်တွဲများသည် ဤစာချုပ်၏တရားဝင် အစိတ်အပိုင်းများဖြစ်ပါသည် -

(က) ငှားရမ်းမည့်မြေကွက်၏တည်နေရာပြအကွက်ချမြေပုံ

(ခ) ငှားရမ်းမည့်မြေနှင့်အဆောက်အအုံများအကွက်ချမြေပုံ

ဤစာချုပ်ပါ စည်းကမ်းချက်များကို သဘောတူလက်ခံသဖြင့် ၂၀၁၈ ခုနှစ်၊ မတ်လ ( )ရက်နေ့တွင် အောက်ပါအသိသက်သေများရှေ့၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အငှားချထားသူ (ကိုယ်စား)		အငှားချထားခြင်းခံရသူ (ကိုယ်စား)	
အမည်	။ ဗိုလ်ချုပ်ခင်မောင်သန်း	အမည်	။ ဦးနေစိုးထိုက်
နိုင်ငံသားအမှတ်	။ ၁၀/မလမ(နိုင်) ၁၁၁၃၅၅	နိုင်ငံသားအမှတ်	။ ၁၀/ပမန(နိုင်) ၀၀၉၂၅၀
ရာထူး	။ မန်နေဂျင်းဒါရိုက်တာ ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်	ရာထူး	။ မန်နေဂျင်းဒါရိုက်တာ၊ New Green Land Garment Company Limited

အသိသက်သေ		အသိသက်သေ	
အမည်	။ ဦးမင်းဇော်	အမည်	။ ဒေါ်သီတာငြိမ်း
နိုင်ငံသားအမှတ်	။ ၁၃/တကန(နိုင်) ၀၀၈၀၄၉	နိုင်ငံသားအမှတ်	။ ၈/မလန(နိုင်) ၀၀၃၃၄၆
ရာထူး	။ ဌာနကြီးမှူး ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်	ရာထူး	။ ဒါရိုက်တာ ၊ New Green Land Garment Company Limited

မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၂၈။ မလွန်ဆန်နိုင်သောဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ကန့်သတ်တားမြစ်ချက်များ တရားဥပဒေစိုးမိုးရေး နှင့်ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သောသတိဝီရိယနှင့်ဆောင်ရွက်စေကာမူ မလွန်ဆန်မကျော်လွှား နိုင်သည့် အလားတူကိစ္စများဖြစ်ပြီး၊ ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်များကြောင့် ငှားရမ်းသုံးစွဲမှုကို ထိခိုက်ဆုံးရှုံးစေလျှင် စာချုပ်ဝင်(၁)ဦးသည် ကျန်စာချုပ်ဝင်(၁)ဦးထံသို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခွင့်မရှိစေရ။

၂၉။ ထိုသို့ "မလွန်ဆန်နိုင်သောဖြစ်ရပ်" ပေါ်ပေါက်လာပါက ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့်အချိန်မှ (၁၄)ရက်အတွင်းတွင် ဆုံးရှုံးနစ်နာသူစာချုပ်ဝင်က ကျန်စာချုပ်ဝင်ထံသို့ ချက်ချင်းစာဖြင့်ရေးသား အကြောင်းကြားရမည်။ တစ်ဖက်စာချုပ်ဝင်မှ ထိုအကြောင်းကြားချက်ကိုလက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သောဖြစ်ရပ်ပြောက်ပြီး ငှားရမ်းအသုံးပြုခွင့်နှင့်တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက် ကာလအပိုင်းအခြားအတွက် သက်သာခွင့်များကိုခံစားခွင့်ရှိစေရမည်။

စာပေးစာယူပြုလုပ်ရန်ကိစ္စ

၃၀။ စာချုပ်ဝင်များသည် စာချုပ်ဝင်အချင်းချင်း စာပေးစာယူပြုလုပ်ရာတွင် မြန်မာဘာသာဖြင့် ရေးသား၍ မှတ်ပုံတင်စာပို့ခြင်း၊ လေကြောင်းစာပို့ခြင်း၊ အမြန်ချောပို့ခြင်း၊ တဲလက်စ်ဖြင့်ပို့ခြင်း၊ ဖက်စ်ဖြင့်ပို့ခြင်းတို့ကိုအသုံးပြု၍ အောက်ပါလိပ်စာအတိုင်း အချင်းချင်းဆက်သွယ်ရမည်။ လိပ်စာ ပြောင်းလဲခြင်းရှိပါက တစ်ဖက်သို့ချက်ချင်းအသိပေး အကြောင်းကြားထားရမည် -

(က) မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်
အမှတ်(၁၈၉/၁၉၁)၊ မဟာဗန္ဓုလလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း - ၃၉၉၇၄၂
ဖက်စ် - ၃၉၉၆၅၄

(ခ) New Green Land Garment Company Limited
အမှတ် (၃၂)၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်မြို့ ။
ဖုန်း - ---------------
ဖက်စ် - ---------------

စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့

၃၁။ ဤစာချုပ်သည် စာချုပ်ဝင်နှစ်ဦးနှစ်ဖက် တရားဝင်အတည်ပြုလက်မှတ်ရေးထိုးသည့် နေ့မှစတင်၍ အကျိုးသက်ရောက်သည်။

၂၃။ ငှားရမ်းသည့် အချိန်ကာလမပြည့်မီ "အငှားချထားခြင်းခံရသူ" ၏ ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ တဖက်သတ်အငှားချထားခြင်းကြောင့် စာချုပ်ကိုရပ်ဆိုင်းခဲ့ပါက "အငှားချထားခြင်းခံရသူ" ၏ ကုန်ကျစရိတ်များနှင့် ဖြစ်ပေါ်လာသည့်နစ်နာမှုများအားလုံးကို "အငှားချထားသူ" မှ ပြန်လည်ပေးလျော်ရမည်။

စာချုပ်ပြန်လည်ညှိနှိုင်းခြင်း

၂၄။ မမျှော်မှန်းနိုင်သောဖြစ်ရပ်နှင့်အခြေအနေများပေါ်ပေါက်ပြီး ထိုအခြေအနေများကြောင့် စာချုပ်ကိုပြင်ဆင်ရန်၊ ပြောင်းလဲရန်၊ ဖြည့်စွက်ရန်နှင့် နှုတ်ပယ်ရန်လိုအပ်လာပါက စာချုပ်ဝင်များသည် ဤစာချုပ်ကို ထိုသို့သောပြင်ဆင်မှုများပြုလုပ်ရန် ပြန်လည်ညှိနှိုင်းကြရမည်။

စာချုပ်ပြင်ဆင်ဖြည့်စွက်ခြင်း

၂၅။ စာဖြင့်အပြန်အလှန် သဘောတူညီချက်မရှိဘဲ စာချုပ်ဝင်များသည် ဤစာချုပ်ကိုပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖြည့်စွက်ခြင်းနှင့်နှုတ်ပယ်ခြင်းမျိုးမပြုလုပ်ရ။ ထိုသို့စာချုပ်ဝင်များက နှစ်ဦးနှစ်ဖက် စာဖြင့်ရေးသားပြီး လက်မှတ်ရေးထိုးပြင်ဆင်ပါက ယင်းပြင်ဆင်ချက်များသည် ဤစာချုပ်၏အစိတ်အပိုင်းဖြစ်စေရမည်။

လွှမ်းမိုးသည့်ဥပဒေ

၂၆။ ဤစာချုပ်တွင်ဖော်ပြထားသော စည်းကမ်းချက်များနှင့် သဘောတူညီချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲဥပဒေများ၏ လွှမ်းမိုးခြင်းကိုခံရမည်။

အငြင်းပွားမှုများအားဖြေရှင်းခြင်း

၂၇။ ဤငှားရမ်းခြင်းဆိုင်ရာသဘောတူစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက်ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို တစ်ဖက်တစ်ဦးစီခန့်ထားသော ခုံလူကြီးနှစ်ဦးဖြင့် ဖြေရှင်းရမည်။ ခုံလူကြီးနှစ်ဦးက ဖြေရှင်းမဆုံးဖြတ်နိုင်လျှင် ခုံရုံးလူကြီးနှစ်ဦးက ရွေးချယ်ခန့်ထားသော သမာဓိလူကြီး၏ အဆုံးအဖြတ်ကိုခံယူရမည်။ ခုံရုံးလူကြီးနှစ်ဦး (သို့မဟုတ်) သမာဓိလူကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များအပေါ်၌လည်း အတည်ဖြစ်စေရမည်။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် - ၅)နှင့်အညီ ဖြစ်စေရမည်။ အနုညာတစီရင်ဆုံးဖြတ်သည့်နေရာသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့ ဖြစ်စေရမည်။ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူကကျခံရမည်။

၂၀။ ငှားရမ်းသည့်ကာလပြည့်ပြီးနောက် ဆက်လက်ငှားရမ်းလိုခြင်းမရှိပါက စာပိုဒ် ၁၉ ပါ အဆောက်အအုံများကို မူလငှားရမ်းစဉ်ကအခြေအနေအဆင့်အတန်းထက်မနိမ့်သော အခြေအနေဖြင့် အဖိုးအခမပါဘဲ "အငှားချထားသူ" ထံ လွှဲအပ်ပေးရမည်။ (မူလအခြေအနေဆိုရာတွင် ပစ္စည်း၏ သဘောသဘာဝအရ ဟောင်းနွမ်းသွားသည်မှလွဲ၍ ဆက်လက်သုံးစွဲနိုင်သောအခြေအနေမျိုးဖြစ်ရမည်။) အကယ်၍ ပြန်လည်အပ်နှံချိန်တွင် အဆောက်အဦများသည် မူလအခြေအနေအဆင့်အတန်းထက်နိမ့်ကျနေ၍ "အငှားချထားသူ" က ပြန်လည်ပြုပြင်ရန်လိုအပ်ပါက ကုန်ကျစရိတ်များကိုပါ "အငှားချထားခြင်းခံရသူ" ကပေးလျော်ရမည်။

စာချုပ်ရုပ်စဲခြင်း

၂၁။ အောက်ဖော်ပြပါအခြေအနေ အဖြစ်အပျက်တစ်ရပ်ရပ်ပေါ်ပေါက်ခဲ့ပါက စာချုပ်ဝင်(၁)ဦးသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရယူပြီး ဤစာချုပ်ကိုရုပ်စဲနိုင်သည် -

(က) စာချုပ်ချုပ်ဆိုသူနှစ်ဦးနှစ်ဖက်တို့သည် စာချုပ်ကိုရုပ်စဲရန်သဘောတူလျှင်၊

(ခ) စာချုပ်ဝင်တစ်ဖက်ဖက်မှ စာချုပ်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်၊

(ဂ) သက်ဆိုင်သည့်လုပ်ငန်းတစ်ခုလုံးတွင် ကြီးမားသောအရှုံးဆက်တိုက်ပေါ်ပေါက်နေသည့်အခါတွင်

(ဃ) မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုခုသည် တစ်ဆက်တည်း(၆)လထက်မနည်း ပေါ်ပေါက်နေသည့် အခြေအနေတွင်


(င) စာချုပ်ပါ မူလလုပ်ငန်းရည်မှန်းချက်များကို အကောင်အထည်မဖော်နိုင်တော့သည့်အခါတွင်

(စ) စာချုပ်သက်တမ်းကုန်ဆုံးလျှင်၊

(ဆ) "အငှားချထားခြင်းခံရသူ" ၏ကုမ္ပဏီသည်ဖျက်သိမ်းခြင်း(Winding Up) ပြုလုပ်သည့်အခါတွင်

(ဇ) စာချုပ်ဝင်များ လူမွဲအဖြစ်ခံယူသွားသည့်အခါတွင်

၂၂။ ဤစာချုပ်ကို "အငှားချထားခြင်းခံရသူ" ၏ ပျက်ကွက်မှုကြောင့် ရုပ်စဲသည့်အခါတွင် "အငှားချထားသူ" သည် အငှားချထားသည့် အဆောက်အအုံအားလုံးနှင့် BOT စနစ်ဖြင့်ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံများကိုသိမ်းဆည်းပြီး ရယူခွင့်ရှိစေရမည်။ ယင်းသို့ပြုလုပ်မှုကြောင့် "အငှားချထားသူ" ၏ငှားရမ်းခရပိုင်ခွင့်နှင့် လျော်ကြေးတောင်းဆိုပိုင်ခွင့်များကိုထိခိုက်မှုမရှိစေရ။



New Green Land Factory Layout
120'
115'
Dining Area
Passed carton
Machine repair Room
Boiler Room
130'
D
80'
A
250'
B
120'
40'
160'
C
250
120'
610'-2"(185.98mm)
40'
120'
Gate
645'-2"(196.65mm)

၁၆။ အငှားချထားသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်တွင်မပါသော သဘာဝသယံဇာတများ သို့မဟုတ် ရှေးဟောင်းပစ္စည်းများ သို့မဟုတ် ရှေးဟောင်းအဆောက်အအုံများကို အဆိုပါမြေပေါ် သို့မဟုတ် မြေအောက်တွင်ရှာဖွေတွေ့ရှိပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) သို့ ၂၄ နာရီအတွင်း အကြောင်းကြားရန်လိုအပ်ပြီး သဘာဝသယံဇာတများအား နိုင်ငံတော်ကသာပိုင်ဆိုင်ရမည်။ အကယ်၍ MIC သည် လုပ်ငန်းဆက်လက်ဆောင်ရွက်ရန် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၏ သဘောတူညီချက်နှင့်အတူခွင့်ပြုပါက အဆိုပါမြေပေါ်တွင် အငှားချထားခြင်းခံရသူသည် လုပ်ငန်းကိုဆက်လက်ဆောင်ရွက်နိုင်သည်။ အကယ်၍ ခွင့်ပြုချက်အား မရရှိခဲ့ပါက အငှားချထားသူမှစီစဉ်ပေးထားသော အခြားတစ်နေရာသို့လုပ်ငန်းနေရာအားရွှေ့ပြောင်းရမည်။

ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး

၁၇။ "အငှားချထားခြင်းခံရသူ" သည် လုပ်ငန်းခွင်နှင့်လုပ်ငန်းခွင်ဧရိယာဝန်းကျင်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တာဝန်ယူရမည်ဖြစ်ပြီး လေထု၊ ရေထု၊ မြေထု ညစ်ညမ်းစေခြင်းနှင့် အခြားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ယိုယွင်းပျက်စီးစေခြင်းတို့ကို ကာကွယ်စောင့်ရှောက်ပေးရမည်။ အဆိုပါ အငှားချထားခြင်းခံရသူသည် လိုအပ်ပါကစွန့်ပစ်ရေ ပြန်လည်သန့်စင်အသုံးပြုရန် စက်ရုံတည်ဆောက်ခြင်းနှင့် စက်ရုံဝန်းကျင်နေရာအား သဘာဝပတ်ဝန်းကျင်နှင့်လိုက်ဖက်သည့် အခြားအထောက်အကူအစီအစဉ်များကဲ့သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရာလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် လိုအပ်သည့်ဆောင်ရွက်ချက်များအား ဆောင်ရွက်ရမည်။

စာချုပ်သက်တမ်းကုန်ဆုံးခြင်း

၁၈။ ဤစာချုပ်သက်တမ်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုသည့်နေ့မှစ၍ နှစ်(၃၀)ပြည့်မြောက်သည့်နေ့ (သို့မဟုတ်) တိုးမြှင့်စာချုပ်သက်တမ်းကုန်ဆုံးသည့်နေ့ (သို့မဟုတ်) စာချုပ်ရုပ်စဲသည့်နေ့တွင် စာချုပ်သက်တမ်းကုန်ဆုံးသည်ဟုမှတ်ယူရမည်။

ငှားရမ်းသည့်မြေနှင့် အဆောက်အအုံအားပြန်လည်လွှဲအပ်ခြင်း

၁၉။ ဤစာချုပ်သက်တမ်းကုန်ဆုံးပြီးနောက်တွင် အခြားသဘောတူညှိနှိုင်းထားချက်များမရှိပါက (သို့မဟုတ်) စာချုပ်ရုပ်စဲပါက ငှားရမ်းသည့်ကာလကုန်ဆုံးသည့်နေ့ (သို့မဟုတ်) စာချုပ်ရုပ်စဲသည့်နေ့မှ ရက်သတ္တပတ်(၂)ပတ်အတွင်း မူလငှားရမ်းထားသည့် မြေ၊ အဆောက်အအုံများနှင့် BOT စနစ်ဖြင့် ထပ်မံတည်ဆောက်ထားသည့် အဆောက်အအုံများကို "အငှားချထားခြင်းခံရသူ" က "အငှားချထားသူ" ထံသို့ ကောင်းမွန်သောအနေအထားအတိုင်း အဖိုးစားနားမပါဘဲ ပြန်လည်အပ်နှံရမည်။

(စ) လုပ်ငန်းတည်ရှိသည့် မြေနေရာအတွက်ပေးဆောင်ရသည့်မြေခွန်မှလွဲ၍ အခြား အခွန်အခအမျိုးမျိုးကိုလည်းကောင်း၊ လုပ်ငန်းနှင့်စပ်လျဉ်းသည့် စည်ပင်အခွန်၊ လုပ်ငန်း ဆောင်ရွက်မှုနှင့်သက်ဆိုင်သည့် အခွန်အခအမျိုးမျိုးတို့ကို တည်ဆဲဥပဒေများနှင့် အညီကျခံပေးဆောင်ရမည်။

(ဆ) အပိုဒ်ခွဲ(ခ)အရ မွမ်းမံပြင်ဆင်မှုပြုလုပ်ရာတွင် "အငှားချထားသူ" ၏အကြံပြုချက် များရှိပါက အကြံပြုချက်အတိုင်း လိုက်နာပြင်ဆင်ပေးခြင်းနှင့် မွမ်းမံပေးခြင်းများ ပြုလုပ်ရမည်။

(ဇ) အငှားချထားသည့် မြေနှင့်အဆောက်အအုံများနှင့်ပတ်သက်၍ "အငှားချထားခြင်း ခံရသူ" သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာအသုံးပြုရမည်။

(စျ) "အငှားချထားခြင်းခံရသူ" သည် ဤငှားရမ်းခြင်းကတိစာချုပ်အတွက် ကျသင့်သည့် တံဆိပ်ခေါင်းခွန်နှင့် အခြားအခွန်အခများကို တည်ဆဲဥပဒေနှင့်အညီ ထမ်းဆောင် ရမည်။

"အငှားချထားသူ" ၏ တာဝန်များ

၁၄။ "အငှားချထားသူ"သည် အောက်ပါတို့ကို တာဝန်ခံဆောင်ရွက်ရမည် -

(က) "အငှားချထားခြင်းခံရသူ" အား အငှားချထားသည့် နောက်ဆက်တွဲ(က)နှင့်(ခ)ပါ မြေနှင့်အဆောက်အအုံများကိုအသုံးပြု၍ လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုရမည်။

(ခ) "အငှားချထားသူ" ပိုင်အဆောက်အအုံများတည်ရှိသည့် မြေနေရာအတွက် မြေခွန် ကိုတည်ဆဲဥပဒေနှင့်အညီပေးဆောင်ရမည်။

(ဂ) "အငှားချထားခြင်းခံရသူ" မှ နှစ်ရှည်ငှားရမ်းခွင့်နှင့် ရင်းနှီးမြှုပ်နှံခွင့်(Project Master Plan) ရရှိရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့တင်ပြရာတွင် "အငှားချထားသူ" မှလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရမည်။

သဘာဝအရင်းအမြစ်

၁၅။ ငှားရမ်းကာလအတွင်းနှင့် သက်တမ်းတိုးမြှင့်သည့်ကာလအတွင်း၌ ငှားရမ်းထားသည့် မြေအောက်မှ မျှော်လင့်ဘဲသတ္တုသိုက်များ၊ ရတနာသိုက်များ၊ ကျောက်မျက်များနှင့် အခြားသဘာဝ အရင်းအမြစ်(သယံဇာတများ) တွေ့ရှိပါက "အငှားချထားသူ" သို့ချက်ချင်းအကြောင်းကြားရမည်။ ယင်းသယံဇာတများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရပိုင် ဥစ္စာပစ္စည်းသာဖြစ်ရ မည်။

၁၁။ သတ်မှတ်ဒါဏ်ကြေးကို ပေးဆောင်ခြင်းမပြုပါက "အငှားချထားသူ" က ငှားရမ်းခြင်းစာချုပ်ကိုရုပ်စဲပိုင်ခွင့်ရှိရမည့်အပြင် "အငှားချထားသူ" ဆုံးရှုံးနစ်နာသမျှကို "အငှားချထားခြင်းခံရသူ" မှ ပေးဆောင်ရန် တာဝန်ရှိသည်။

၁၂။ "အငှားချထားခြင်းခံရသူ" သည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ နှစ်စဉ်ငှားရမ်းခ ပေးသွင်းခြင်းကို သတ်မှတ်ရက်မှ (၃)လတာကာလအထိ ပျက်ကွက်ပါက "အငှားချထားသူ" က အငှားချထားခြင်းကို ရုပ်ဆိုင်းပိုင်ခွင့်ရှိသည့်အပြင် "အငှားချထားသူ" ဆုံးရှုံးနစ်နာသမျှကို "အငှားချထားခြင်းခံရသူ" မှ ပေးဆောင်ရန်တာဝန်ရှိသည်။

အငှားချထားခြင်းခံရသူ၏တာဝန်များ

၁၃။ "အငှားချထားခြင်းခံရသူ"သည် အောက်ပါတို့ကိုတာဝန်ခံဆောင်ရွက်ရမည် -

(က) လက်ရှိအဆောက်အအုံများအား တိုးချဲ့ခြင်း၊ ပြုပြင်ခြင်းများကို "အငှားချထားသူ" ၏စာဖြင့်ကြိုတင်ခွင့်ပြုချက်ရရှိမှသာ BOT စနစ်ဖြင့်ဆောင်ရွက်ရမည်။

(ခ) ငှားရမ်းကာလအတွင်း "အငှားချထားခြင်းခံရသူ" သည် ငှားရမ်းလုပ်ကိုင်ခွင့်ရသည့် မြေနှင့်အဆောက်အအုံတို့ကို လွှဲပြောင်းယူစဉ်ကရှိခဲ့သည့် အခြေအနေထက်မနိမ့်ကျစေရန်အတွက် မွမ်းမံပြင်ဆင်ခြင်းပြုလုပ်ရမည်။

(ဂ) ငှားရမ်းလုပ်ကိုင်ခွင့်ရသည့် အဆောက်အအုံအား အဆင့်မြှင့်မွမ်းမံပြင်ဆင်ခြင်းအား ဤစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှ (၂)နှစ်တာ ကာလအတွင်းဆောင်ရွက်ခြင်း ရှိ/မရှိ နှင့်နှစ်စဉ်မွမ်းမံပြင်ဆင်ခြင်း ရှိ/မရှိကို "အငှားချထားသူ" မှစစ်ဆေးပြီး ဆောင်ရွက်ခြင်းမရှိပါက ထိုသို့ပြုလုပ်ဆောင်ရွက်ရန် "အငှားချထားသူ" မှစာဖြင့်အကြောင်းကြားပါမည်။ "အငှားချထားခြင်းခံရသူ" မှစာဖြင့်အကြောင်းကြားစာ ရရှိသော်လည်း ယင်းစာပါသတ်မှတ်ရက်ကျော်လွန်သည့်တိုင်အောင် ဆောင်ရွက်ခြင်းမရှိလျှင် ငှားရမ်းလုပ်ကိုင်ခွင့်ပေးထားသည့် မြေနှင့်အဆောက်အအုံများအား အနှောင့်အယှက်မရှိ ပြန်လည်သိမ်းယူခွင့်ရှိစေရမည်။

(ဃ) သဘာဝဘေးအန္တရာယ်မှလွဲ၍ အဆောက်အအုံများ တစ်စုံတစ်ရာပျက်စီးခြင်းများပေါ်ပေါက်ပါက "အငှားချထားခြင်းခံရသူ" ၏ ကုန်ကျစရိတ်ဖြင့် ယင်းပစ္စည်းများကိုချက်ချင်းအစားထိုး ပြင်ဆင်ခြင်းပြုလုပ်ပေးရမည်။

(င) အငှားချထားသည့် မြေနှင့်အဆောက်အအုံများအားလုံး (သို့မဟုတ်) ယင်းတို့၏ တစ်စိတ်တစ်ဒေသအား အငှားချထားသူထံမှစာဖြင့် ရေးသားထားသောခွင့်ပြုချက်မပါဘဲ ပေါင်နှံခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ ရောင်းချခြင်း (သို့မဟုတ်) တစ်နည်းနည်းဖြင့်လွှဲပြောင်းပေးခြင်း စသည်တို့ကိုမပြုလုပ်ရ။

(ဂ) (၃)နှစ်(၁)ကြိမ်နှစ်စဉ်ငှားရမ်းခ ပြန်လည်သတ်မှတ်ရန်အတွက် လက်ရှိငှားရမ်းခ ပေးသွင်းနေသည့် (၃)နှစ်တာကာလမပြီးဆုံးမီ (၂)လကြိုတင်၍ စာချုပ်ဝင်များမှညှိနှိုင်းပြီး (၃)နှစ်(၁)ကြိမ်ငှားရမ်းခသတ်မှတ်သည့်စာချုပ်ကို ချုပ်ဆိုကြရမည်။

ငှားရမ်းခပေးသွင်းခြင်း

၆။ "အငှားချထားခြင်းခံရသူ" သည် သတ်မှတ်ထားသော နှစ်စဉ်ငှားရမ်းခ ကျပ် ၁၂၉,၀၃၀,၀၀၀ (ကျပ်သိန်းတစ်ထောင့်နှစ်ရာ့ကိုးဆယ်နှင့်သုံးသောင်းတိတိ)အား (၁)နှစ်လျှင် (၂)ကြိမ်ခွဲ၍ပေးသွင်းရမည်။ ဤစာချုပ်လက်မှတ်ရေးထိုးပြီးသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ပထမ (၆)လစာအတွက် ငှားရမ်းခကျသင့်ငွေကို "အငှားချထားသူ" သတ်မှတ်သည့်ဘဏ်စာရင်းသို့ပေးသွင်းရမည်။ ဒုတိယ(၆)လစာအတွက် ငှားရမ်းခကျသင့်ငွေကို ပထမငှားရမ်းကာလ(၆)လ မကုန်ဆုံးမီ (၁၄)ရက်ကြိုတင်၍ "အငှားချထားသူ" သတ်မှတ်သည့် ဘဏ်စာရင်းသို့ပေးသွင်းရမည်။

၇။ "အငှားချထားခြင်းခံရသူ" သည် ကျန်သည့်(၂)နှစ်တာကာလအတွက် နှစ်စဉ်ငှားရမ်းခ ငွေများကိုလည်း စာပိုဒ်(၈)ပါအတိုင်း(၂)ကြိမ်ခွဲ၍ သတ်မှတ်ငှားရမ်းကာလမကုန်ဆုံးမီ (၁၄)ရက် ကြိုတင်၍ "အငှားချထားသူ" သတ်မှတ်သည့်ဘဏ်စာရင်းသို့ ပေးသွင်းသွားရမည်။

၈။ "အငှားချထားခြင်းခံရသူ" သည် နှစ်စဉ်ငှားရမ်းခအား "အငှားချထားသူ" သို့ ပေးသွင်းရာတွင် နှစ်စဉ်ငှားရမ်းခအပြင် ထိုငှားရမ်းခငွေအပေါ် ကျသင့်သောကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) ၅% ကိုပါ တည်ဆဲဥပဒေနှင့်အညီတစ်ပါတည်းပေးသွင်းရမည်။

၉။ "အငှားချထားသူ" သည် "အငှားချထားခြင်းခံရသူ" ထံမှ နှစ်စဉ်ငှားရမ်းခငွေနှင့်အတူ လက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန် ၅% ကို သက်ဆိုင်ရာမြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးသွင်းရမည်။ သက်ဆိုင်ရာမြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှပြန်လည်ရရှိသော ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးသွင်းသည့်ချလံ(မူရင်း)နှင့် အထောက်အထားများကို "အငှားချထားသူ" မှ "အငှားချထားခြင်းခံရသူ" သို့ ဆောလျင်စွာဆက်လက်ပေးပို့ရမည်။

ဒဏ်ကြေးသတ်မှတ်ခြင်း

၁၀။ နှစ်စဉ်ငှားရမ်းခအားသတ်မှတ်ရက်တွင် ပေးသွင်းနိုင်ခြင်းမရှိပါက နှစ်စဉ်ငှားရမ်းခပေးသွင်းရန်ပျက်ကွက်သည့်ကာလများအတွက် ပေးသွင်းရန်ကျန်ရှိသည့် နှစ်စဉ်ငှားရမ်းခငွေအပေါ်တွင် (၁)နှစ်လျှင် ၅% နှုန်းထားဖြင့် "အငှားချထားခြင်းခံရသူ" က "အငှားချထားသူ" သို့ ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။

အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း

၁။ စာချုပ်ဝင်တစ်ဦးသည် အခြားစာချုပ်ဝင်တစ်ဦးသို့ ဤသဘောတူညီချက်ကိုလက်မှတ်ရေးထိုး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဥပဒေနှင့်အညီအာမခံပြီးကိုယ်စားပြုကြပါသည်။

၂။ "အငှားချထားသူ" သည် နောက်ဆက်တွဲများတွင် အသေးစိတ်ဖော်ပြထားသော မြေနှင့် အဆောက်အအုံများကိုပိုင်ဆိုင်၍ ၎င်းတို့ကိုငှားရမ်းလွှဲပြောင်းရန် အခွင့်အာဏာရှိသူဖြစ်ကြောင်းနှင့် "အငှားချထားခြင်းခံရသူ" သည် စာချုပ်ကိုအကောင်အထည်ဖေါ်ရန် ငွေကြေးအင်အားပြည့်စုံသူများ ဖြစ်ကြောင်း၊ စာချုပ်ဝင်များသည် ဤစာချုပ်ကိုချုပ်ဆိုရန် အခွင့်အာဏာရှိသူများဖြစ်ကြောင်း အသီးသီး အာမခံကြပါသည်။

အငှားချထားသည့်မြေနှင့်အဆောက်အအုံ

၃။ "အငှားချထားခြင်းခံရသူ" သည် နောက်ဆက်တွဲ(က)မြေပုံဖြင့် ဖေါ်ပြထားသော ၃၆၅၇၂.၉၆၇ စတုရန်းမီတာအကျယ်အဝန်းရှိ မြေ နှင့် နောက်ဆက်တွဲ(ခ)ဖြင့်ဖေါ်ပြထားသော ၎င်းမြေပေါ်ရှိအဆောက်အအုံများကို ငှားရမ်းပြီးလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

ငှားရမ်းသည့်ကာလသက်တမ်း

၄။ ငှားရမ်းသည့်ကာလသက်တမ်းကို ၂၀၁၈ ခုနှစ်၊ မတ်လ( )ရက်နေ့မှ ၂၀၄၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ(၂၉)ရက်နေ့အထိ ကနဦး(၃၀)နှစ်သတ်မှတ်သည်။ ကနဦးငှားရမ်းကာလနှစ်(၃၀)ပြည့် မြောက်ပြီးနောက် ဆက်လက်ငှားရမ်းလိုပါက နှစ်ဦးနှစ်ဖက်သဘောတူညီချက်ဖြင့် (၁)ကြိမ်လျှင် (၅)နှစ်စီဖြင့် ထပ်တိုး(၂)ကြိမ်ဆက်လက်ငှားရမ်းနိုင်သည်။

ငှားရမ်းခနှုန်းထား

၅။ ငှားရမ်းခနှုန်းထားကို အောက်ပါအတိုင်းသတ်မှတ်ပါသည် -

(က) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်စက်မှုနယ်မြေ၊ အမှတ်(၃) လမ်း၊ အကွက်အမှတ်(၄၄)၊ ရန်ကုန်မြို့ရှိ မြေနှင့် အဆောက်အအုံများအား တစ်နှစ် လျှင် ကျပ် ၁၂၉,၀၃၀,၀၀၀ (ကျပ်သိန်းတစ်ထောင့်နှစ်ရာ့ကိုးဆယ်နှင့်သုံးသောင်း တိတိ)ဖြင့် ငှားရမ်းရန်သဘောတူကြသည်။

(ခ) ငှားရမ်းခကို(၃)နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်၍ လက်ရှိပေးသွင်းနေရသော ငှားရမ်းခနှုန်းထား၏ ၅% ထက်မနည်း ၁၀% နှုန်းထက်မပိုသောနှုန်းဖြင့် နှစ်ဖက်ပြန်လည်ညှိနှိုင်းပြီး လာမည့်(၃)နှစ်တာကာလအတွက် ငှားရမ်းခကို ထပ်မံသတ်မှတ်ရမည်။ ငှားရမ်းခသတ်မှတ်သည့်စာချုပ်အား (၃)နှစ်(၁)ကြိမ်စာချုပ် ပြန်လည်ချုပ်ဆိုရပါမည်။

မြေနှင့် အဆောက်အအုံငှားရမ်းခြင်းဆိုင်ရာ
နှစ်ဖက်သဘောတူကတိစာချုပ်

ဤသဘောတူစာချုပ်ကို ၂၀၁၈ ခုနှစ်၊ မတ်လ(   )ရက်နေ့တွင် ရန်ကုန်မြို့၌ ဗိုလ်ချုပ်ခင်မောင်သန်း၊ မန်နေဂျင်းဒါရိုက်တာ၊ နိုင်ငံသားစိစစ်ရေးအမှတ်- ၁၀/မလမ(နိုင်)၁၁၁၃၅၅ ကိုယ်စားပြုသော အမှတ်(၁၈၉/၁၉၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိသည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် (နောင်တွင် "အငှားချထားသူ" ဟုခေါ်တွင်စေပြီး ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများနှင့် တရားဝင်ကိုယ်စားလှယ်များပါဝင်သည်ဟုမှတ်ယူရမည်) က တစ်ဖက်

နှင့်

ဦးနေစိုးထိုက်၊ မန်နေဂျင်းဒါရိုက်တာ၊ နိုင်ငံသားစိစစ်ရေးအမှတ်- ၁၀/ပမန(နိုင်) ၀၀၉၂၅၀ ကိုယ်စားပြုသော ရန်ကုန်မြို့၊ အမှတ် ၃၂၊ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံမြို့နယ်ရှိ New Green Land Garment Company Limited (နောင်တွင် "အငှားချထားခြင်းခံရသူ" ဟုခေါ်တွင်စေပြီး ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများနှင့် တရားဝင်ကိုယ်စားလှယ်များပါဝင်သည်ဟုမှတ်ယူရမည်) က အခြားတစ်ဖက်

တို့သည်

